


မဟာဆွေ
ခင်နှင်းဝေဝတ္ထုပါဝင်သည်။
မြို့လည်ရိုက်နှိပ်ခြင်း

mgyoe.com

မဟာဆွေ

ခင်နှင်းဝေဝတ္ထုပါဝင်သည်။

mhs0015

2000.00 Ks

mgyoe.com

mgyoe.com

အချစ်၊ မဟာဆွေ
မျက်နှာဖုံးပန်းချီ - အောင်ကျော်၊ စာမျက်နှာ ၁၇၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၃ ဒေါ်ကြည်ကြည်စာပေတိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အချစ်

## မဟာဆွေ

(ခင်နှင်းဝေ ဝတ္ထုပါဝင်သည်။)

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အချစ်

## (၁)

ဆရာဝန်နှင့် သူနာပြုဆရာမတို့သည် တစ်ညလုံးလုံး မအိပ်မနေ ကြိုးစားကုသကြရာမှ လူနာသတိရကာ ညည်းသံထွက်လာသဖြင့် ဆရာမ သည် ဝမ်းသာသောအမူအရာနှင့်...

"မခင်ချစ်... မခင်ချစ်" ဟု လူနာ၏နာမည်ကို အထပ်ထပ်ခေါ်လေ၏။

"ရှင်" ဟု လေးလေးကြီးထူးကာ မျက်လုံးလှန်ကြည့်မှ ဆရာဝန်လည်း ကောင်းကောင်းစိတ်ချရပြီဟူသော အမူအရာနှင့် အောင့်ထားရသော အသက် ရှူခြင်းကို ပြင်းစွာ မှုတ်ထုတ်ရှူရှိုက်လေ၏။

"ငါ့တူမကြီး... စိတ်ချရပြီကွယ့်၊ ဘာမှမပူနဲ့တော့" ဟု ဆရာမကြီး သည် ထပ်မံ အားပေးစကားပြောကြားလေ၏။ မခင်ချစ် ဆေးရုံရောက်စ ပထမ ၂ ရက်၌ကား အပြင်းဖျားရောဂါကြောင့် ကြဲတောသို့ ပို့ရမလောက် ဖြစ်ခဲ့၏။ အပူဒီဂရီအားကြီးလွန်းသဖြင့် သန့်ရှင်းနက်မှောင် ရှည်လျားသော ဆံပင်များကိုပင် သီလရှင်လုပ်သူပမာ ဖြတ်ပစ်ခဲ့ကြရ၏။ မခင်ချစ်မှာ အသက် ၁၅ နှစ်မျှသာရှိသေးရာ သူ၏တစ်သက်တွင် ဤမျှပြင်းထန်သော ရောဂါမျိုး ကို ပထမအကြိမ် ခံစားရခြင်း ဖြစ်၏။

လူများသည် မခင်ချစ်အကြောင်း မသိကြသော်လည်း သူ၏မိခင်ကား ထူးသောသမီးဟု ခင်လည်း ခင်၏။ ချစ်လည်း ချစ်၏။ နာမည်ကိုပင် 'မခင်ချစ်' ဟု မှည့်ခေါ်ခဲ့၏။ သူ့မိဘများသည် ရန်ကုန်နှင့် နေ့ချင်းပေါက်

mgyoe.com

mgyoe.com


မြို့တစ်မြို့မှ ရန်ကုန်တွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ပို့လွှတ်ကာ ပညာသင်စေခဲ့၏။ ကျောင်းတွင်ဖျား၍ ကျောင်းဆရာဝန်နှင့် မတတ်နိုင်သဖြင့် ရန်ကုန်ဆေးရုံကြီး မိန်းမလူနာခန်းသို့ရောက်၍လာခြင်း ဖြစ်၏။

မခင်ချစ်ကား အခြားကျောင်းသူကလေးများကဲ့သို့ ကျောင်းတွင် ထင်ပေါ်ကျော်စောခြင်း မရှိချေ။ သူသည် ပြေးပွဲ ခုန်ပွဲကိုသော်လည်းကောင်း၊ အခြားအပေါင်းအဖော်များနှင့် ဟီးလားဟားလား နေခြင်းသော်လည်းကောင်း ရွံ့မုန်းစက်ဆုပ်၏။ သူကား မြန်မာကဗျာ လင်္ကာ၊ အင်္ဂလိပ်လင်္ကာများကို ဝါသနာပါ၏။ ပန်းသစ်ပင်တို့ကို နှစ်ခြိုက်၏။ အချိန်အားလျှင် ပန်းသစ်ပင်ကြား၌ သီချင်းကလေး တအေးအေးနှင့် နေတတ်၏။

သူနာပြုဆရာမ၏အမည်ကား ဒေါ်ချန်မီ ဖြစ်၏။ အင်္ဂလိပ်စာတတ် ကုလားမဖြစ်၍ သူ၏ယောကျာ်းမှာ ဘောင်းဘီဝတ် ဗိုလ်စိတ်ပေါက်နေသော ဆရာဝန် ဖြစ်၏။ သို့ရာတွင် ထိုဆရာဝန်သည် ဒေါ်ချန်မီအား စွန့်လွှတ်သွား၏။ ဒေါ်ချန်မီမှာ မြန်မာစကားကို မြန်မာမများကဲ့သို့ ပြေပြစ်စွာ ပြောနိုင်၍ လူနာ အပြုအစုကောင်း၏။ အသက် ၃၀ ကျော်ကလေးမျှ ရှိသေး၏။ လောကဓာတ်ခံ လူတို့ဘုံ၌ တွေ့ကြုံဖြစ်ပျက်တတ်သည်ကို နားလည်သူဖြစ်သည့်အတိုင်း မခင်ချစ်ကလေး သက်သာလာသောအခါ အဖြစ်သနစ်များကို ပြောပြလေ့ရှိ၏။ သူ့ယောကျာ်းနှင့် စတင်ချစ်ကြိုက်ခဲ့ပုံမှ ကွဲကွာခဲ့သည်အထိလည်း ပြောပြ၏။

ဒေါ်ချန်မီသည် သူတို့ရည်းစားဘဝက သူ့ရည်းစားပေးဖူးသော လင်္ကာတစ်ပုဒ်ကို ရွတ်ပြကာ မျက်နှာရှုံ့မဲ့ ခေါင်းယမ်းနေ၏။

"ကျွန်မလည်း ကဗျာဝါသနာပါတယ် အန်တီရဲ့"

ဒေါ်ချန်မီသည် မခင်ချစ်ကိုကြည့်ကာ သာ၍ မဲ့ရွဲ့သွားလေ၏။

"အလကားပဲ တူမရယ်... ဒင်းတို့ဟာ မရခင်သာ လျှာအရိုးမရှိတိုင်း စာတွေရေး၊ ဒီကဗျာလေးလိုပဲ ပြောတာ။ အန်တီကလည်း ငယ်ငယ်ရွယ်ရွယ် ရူးတုန်း မိုက်တုန်းဆိုတော့ ကြိုက်မိတာပေါ့။ ပျားများ ပန်းဝတ်ရည်ဝရင် ပျံသွားသလို ဒင်းလည်း အန်တီရဲ့အရေအသား၊ အဆီအနှစ် စုတ်ပြီး မယားငယ်တစ်ယောက်နဲ့ ပျော်ပြန်တာပဲ"

မခင်ချစ်သည် ခုတင်ပေါ်တွင် ခပ်ဆောင်းဆောင်း ခေါင်းအုံးကို တံတောင်

mgyoe.com

mgyoe.com


နှင့်ထောက်လျက် ထိုင်ရင်း နားထောင်နေရာက ပြတင်းပေါက်မှ တောင်ဘက်သို့မျှော်လှမ်းကာ သစ်ပင်များ၊ အမိုးနီနှင့် အဆောက်အဦများကို ငေးမော ကြည့်ရှုနေလေ၏။ မျက်နက်အိမ်နှင့်တကွ ကြည်လင်သော မျက်လုံးသည် အသားအရေ ရင်းစားပြန်ဖြစ်လျှင် မိန်းမချောတစ်ယောက်ဖြစ်မည့်အသွင်ကို ဆောင်လျက် ရှိ၏။

"အန်တီ့ယောကျ်ားက စစချင်း ဘယ်လိုပြောသလဲ အန်တီရဲ့"

"ချစ်ပြီးရင်း ချစ်ချင်ရင်း... ချစ်ပြီးရင်း ချစ်ရင်း... ချစ်သမျှကို မြင်းမိုရ် ရွှေတောင်လုံးသာပလေး... ဆိုသလိုပေါ့အေ"

ဤမျှ မြန်မာရည်လည်လိမ့်မည် မထင်သော မခင်ချစ်သည် ဖြူဖွေးသော သွားကလေးများပေါ်အောင် ပြုံးရယ်မိလေ၏။

"ယောကျ်ားတိုင်း ဒီလိုချည်းပဲ တူမရဲ့... သိလား"

"အန်တီ့အပေါ် ဘာပြုလို့ စိတ်ပြောင်းသွားရတာလဲ"

"အဟောင်းကိုပစ်ပြီး အသစ်ကိုလိုချင်တဲ့ သဘောပေါ့။ ကဲ ကဲ... ငါ့တူမကြီး အိပ်ဦး... မွန်းလွဲရင် အိပ်ရမယ်လို့ ဆရာဝန် မှာထားတယ်"

ဒေါ်ချန်မီသည် မခင်ချစ်အား အိပ်ရာနေရာပြင်ပေးလျက် စောင်ပါးကလေး လွှမ်းခြုံပေးပြီး ထွက်ခွာသွားလေ၏။ မခင်ချစ်ကား အိပ်၍မပျော်ချေ။ သဘော်ဆေးစိမ်းပြာနု သုတ်ထားသော အမိုးမျက်နှာကြက်ကို ကြည့်လိုက်၊ ခုတင်အစွန်းမှ ကျော်ကာ ပြတင်းပေါက်နှင့် ကောင်းကင်ပြင်ကို ကြည့်လိုက် လုပ်နေ၏။ သူသည် အသက် ၁၅ နှစ်မျှ ရှိသေး၏။ လင်သားစကား တစ်ခါမျှ မကြားဖူးချေ။ စိတ်သဘောကောင်းသော်လည်း လင်ကို စိတ်နာသော ဆရာမသည် ယောကျ်ားတွေ စိတ်ပြောင်းလွဲတတ်ကြောင်းကို ပြောပြလေ၏။ သူသည် အင်္ဂလိပ်ကပြားကျောင်းတွင် နေသူဖြစ်သဖြင့် အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရှုဖူး၏။ ရိုမီယိုနှင့် ဂျူလီယက်ပြဇာတ်မှာ သူ့အနှစ်ခြိုက်ဆုံး ဖြစ်၏။ သူကိုယ်တိုင်မှာ ဝမ်းနည်းပူဆွေးသော အရသာကို ခံစားရခြင်းမှာ စည်းစိမ်တစ်မျိုးဟု မှတ်ထင်ဟန် ရှိ၏။

မိန်းမနှင့် ယောကျ်ား၊ တစ်ဦးနှင့်တစ်ဦး အသိအကျွမ်း မဟုတ်ဘဲ ချစ်ခင်တတ်ခြင်းကို သူ ယုံကြည်၏။ သူ၏ကျောင်းနှင့် မလှမ်းမကမ်းတွင် ယောကျ်ားကလေး ကျောင်းတစ်ကျောင်း ရှိ၏။ ထိုကျောင်းသားများနှင့်

mgyoe.com

mgyoe.com


ကျောင်းသူ များ မကြာခဏ ရင်ဆိုင်တွေ့ကြရ၏။ ထိုမြောက်မြားစွာသော ကျောင်းသားထဲမှ အရပ်ရှည်ရှည် အသက် ၁၇ နှစ်ခန့် ကျောင်းသား တစ်ယောက်ကို မခင်ချစ် မျက်မှန်းတန်းမိ၏။ စိတ်ထဲက အလိုလိုချစ်နေ၏။

သူ ငါ့ကိုချစ်ရင် ဘယ်လောက်ဟန်ကျမလဲဟူသော ငယ်ရွယ်သူတို့ အတွေးသည် တစ်ဖက်သောသူငယ်၏ ရုပ်ရည်၊ အပြုအမူ၊ အသွားအလာကို ပါ ထပ်တလဲလဲ ပေါ်လာစေတော့၏။ မခင်ချစ်သည် အဘယ်ကြောင့် ထိုသူငယ်အား ချစ်ခင်နေမိသည်ကို သူကိုယ်တိုင် မသိချေ။ တွေးတောရင်းပင် ခဏမျှမှေးခနဲ အိပ်ပျော်သွား၏။ သို့ရာတွင် များစွာမကြာချေ။ ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်တွင် ပြန်၍ နိုးလာ၏။ ထိုအခိုက် ဒေါ်ချန်မိလည်း လက်ဖက်ရည်နှင့် ပေါင်မုန့်နှစ်ခု ယူလာကာ ခုတင်ရှေ့ ခေါင်းရင်းဘက်ရှိ စားပွဲကလေးပေါ်သို့တင်ထားရင်း...

"အိပ်ပျော်ရဲ့လား မခင်ချစ်..." ဟု မေးလေ၏။

"နည်းနည်းအိပ်ပျော်ပါရဲ့ အန်တီ" ဟုပြောကာ စောင်ပါးထဲမှ ကိုယ်ကလေးကို ကြွ့ပြီးလျှင် ခပ်စောင်းစောင်း ခေါင်းအုံးကို တံတောင်နှင့်မှီရင်း ထိုင်လေ၏။

"ဒါထက် မခင်ချစ်လိုပဲ ကျောင်းက သူငယ်တစ်ယောက် အပြင်းဖျားလို့ ဆေးရုံရောက်လာတယ်။ ပူလိုက်တာ ချစ်ချစ်တောက်လို့..."

ကျောင်းနာမည် ကြားလိုက်ရုံနှင့် မခင်ချစ်မှာ ရင်ကလေး ဖိုသွားကာ "အို" ဟု ဆိုမိလျက် "ဘယ်သူလဲ အန်တီ" ဟု မေးလေ၏။

ဒေါ်ချန်မိသည် ကောင်းစွာ မသိချေ။ လက်ဖက်ရည်ပွဲကို ထိုးပေးရင်း "ကျောင်းက ခေါင်းဆောင်ကျောင်းသားလို့ ပြောတာပဲ။ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းနဲ့ အဲသည်ကျောင်းက သူငယ်ပဲတဲ့..."

"သူ့နာမည်က ဘယ်သူတဲ့လဲ အန်တီ" မခင်ချစ်သည် လည်ပင်းကလေး ဆန့်ထွက်လာကာ မေးမြန်းသော်လည်း ဒေါ်ချန်မိ မသိချေ။ "ကဲ... ကဲ... လက်ဖက်ရည်သောက်၊ အေးကုန်ရင် မကောင်းဘူး" ဟုပြောကာ တံခါးပေါက်ဆီသို့ ပြန်ထွက်သွား၏။

မခင်ချစ်ကား မျက်စိမှိန်းကာ စဉ်းစားနေ၏။ ထိုကျောင်းကမှုကား

mgyoe.com

 mgyee.com


ဤသူဖြစ်ရမည်ဟု မုချသိ၏။ တစ်ခါတစ်ရံ ကျောင်းနှစ်ကျောင်း ရင်ဆိုင် ကျော်လွှန်သွားကြရာ အများထဲမှ ခေါင်းတစ်လုံးစား၍ လိုက်ပါလာသူကို မခင်ချစ် မှတ်မိ၏။ မခင်ချစ်၏ကိုယ်ကာယမှာ ပိန်ပိန်ပါးပါးဖြစ်သော်လည်း သူသည် သန်မာထွားကျိုင်းသူကို နှစ်သက်သဘောကျ၏။

ထိုကျောင်းသားသည်လည်း တွေ့ဆုံတိုင်း မြောက်မြားစွာသော ကျောင်းသူကလေးအများထဲမှ မခင်ချစ် တစ်ဦးတည်းကိုသာ စူးစိုက်ကြည့်ရှု သွားတတ်၏။ မခင်ချစ်ကိုယ်တိုင်မှာလည်း ကျောင်းသားအများထဲမှ ထို သူငယ်ကိုသာ တိတ်တိတ်ခိုး မကြာခဏ ကြည့်မိ၏။ စက္ခုရူပနေသည် ရာဂပုတ္တံကို ကာလလရှေကြည် တည်ခဲ့ကြပြီ ဖြစ်၏။

မခင်ချစ်ကား မိမိကိုယ်တိုင် ပြေးပွဲခုန်ပွဲတွင် ဝါသနာမပါသော်လည်း ပြေးခုန်ပွဲတွင် ထူးချွန်သူများအား နှစ်သက်တတ်၏။ ထိုသူငယ်၏ အထက်တန်းကျောင်းကြီးသည် ကျောင်းပေါင်းစုံပြိုင်ပွဲ၌ ထိပ်တန်းကနေခဲ့ သော ကျောင်းဖြစ်၏။ စံချိန်ပေါင်းများစွာကို နှစ်စဉ်ချိုးခဲ့၏။ မခင်ချစ် စွဲလမ်း သော သူငယ်သည် ပြေးခုန်ပွဲ ၆ မျိုး ၇ မျိုးတွင် ပထမရသူဖြစ်၏။ ဘောလုံး၊ ကရိကက်၊ တင်းနစ် စသည်တို့တွင်လည်း နာမည်ထွက်စ ဖြစ်၏။ ရေကူး ပြိုင်ပွဲ၊ ၅ မိုင်ပြေးပွဲတွင်လည်း သူရှေ့က ဖြစ်၏။

မခင်ချစ်မှာ အနာဟောင်းကို ဆွသကဲ့သို့ အချစ်အကြောင်း နားမလည် ဘဲ မျက်မှန်းတန်းမိနေသူတစ်ယောက် ဆေးရုံရောက်လာပြီဟု ကြားရခြင်း၊ ရောဂါမှာလည်း မိမိကဲ့သို့ အပြင်းဖျားခြင်းတို့ကြောင့် ဝေဒနာကို ဝေမျှခံစား လိုသောစိတ်များပင်လျှင် ပေါ်ပေါက်နေခဲ့၏။

ညဘက်၌မူ မခင်ချစ်နှင့် ထိုသူငယ်ကိုပါ တစ်ဦးတည်းကုသရသော ဆရာဝန်ကို တွေ့လေ၏။ သို့ရာတွင် ဆရာဝန်သည် မည်သို့မျှမပြောချေ။ ဒေါ်ချန်မီသည် သူငယ်အကြောင်း ဂရုမစိုက်သကဲ့သို့ ဘာမျှမပြော။ မခင်ချစ် မှာလည်း ကိုယ်နှင့် ပိုင်ပိုင်နိုင်နိုင် သိကျွမ်းခြင်းမရှိသဖြင့် မမေးဝံ့နှင့်နေရာ ၂ ရက်လောက်ကြာမှ မခင်ချစ်ကိုကုသော ဆရာက သက်သာနေသော မခင်ချစ်ကို စမ်းသပ်ပြီး အင်္ဂလိပ်ဘာသာဖြင့်...

"မင်းတုန်းကတော့ သေရောမှတ်တာ၊ တို့ ဝီရိယကောင်းလို့ မင်း အသက်ရှင်လာတယ်။ မင်းလို ဖျားလာတဲ့ သူငယ်တစ်ယောက်ကတော့ သူ့

mgyee.com

mgyoe.com
ကျန်းမာရေး အစကတည်းက ခိုင်လုံပြီး ဘီလူးကြီးလိုအကောင်မို့ သိပ်မခံရပါဘူး။ ခဏနဲ့ သက်သာသွားတာပဲ”

“ကျွန်မဖြင့် ကိုယ့်လိုဖျားလာတဲ့ လူတစ်ယောက် သက်သာတယ်ကြားတော့ သိပ်ကို ဝမ်းသာတာပဲ ဆရာရယ်”

ဆရာဝန်သည် လှည့်ပြန်သွားမည်အလုပ် မခင်ချစ်က “ဒါထက် အဲဒီလူနာမည်က ဘယ်သူတဲ့လဲ…”

ဆရာဝန်သည် သူ၏မျက်နှာကို ပခုံးပေါ်က လည်ပြန်ကြည့်ရင်း သနားကြင်နာသော အမူအရာနှင့်…

“သူ့နာမည်က မောင်ကျော်ဦးတဲ့ကွယ့်… ဒီနှစ်ကောလိပ်ပြောင်းမလို့တဲ့”

မခင်ချစ်မှာ မောင်ကျော်ဦးဟူသော အမည်ကို ကြားသိရသည်နှင့် တစ်ပြိုင်နက် သူ၏လူဖြစ်သည်ကို သေချာစွာ သိနေသဖြင့် မျက်နှာကလေး ပိုမိုကြည်လင်လာရှာလေ၏။ ရောဂါဝေဒနာမှာလည်း ရှေးကထက် ပိုမိုသက်သာလာလေ၏။

ဆရာဝန်ကား မောင်ကျော်ဦး၏အကြောင်း မခင်ချစ်အား ပြောသလို မောင်ကျော်ဦးအားလည်း မခင်ချစ်၏အကြောင်း ပြောပြလေ၏။

“အေးကွယ်… မိန်းကလေးက နုနုနယ်နယ် ရုပ်ချောချော၊ အဖျားကြမ်းကြီး ဝင်ဆောင့်လိုက်တော့ ကံကောင်းလို့ မသေရှာတယ်”

“အနို့ သူကလေး အခု ဘယ့်နှယ်နေရှာသေးသလဲ ဆရာ”

“အခုတော့ သေတွင်းက ထွက်ပါပြီ။ အားနည်းနေတာကို ဆက်လက်ကုသရဦးမှာပဲ။ သူကလည်း သူနဲ့ အဖျားချင်းတူတဲ့ မင့်အကြောင်း မေးရှာတာပဲ” မောင်ကျော်ဦးကား မခင်ချစ် မသေနိုင်ဟု ကြားရသဖြင့် စိတ်ထဲ၌ အလိုလို ဝမ်းသာနေ၏။ ဆေးရုံအဆောက်အဦကြီးတစ်ခုတည်းတွင် နေကြရသော်လည်း အခန်းခြား၍ မမြင်မတွေ့နိုင်ကြချေ။ မခင်ချစ်ဆိုသူကလေးမှာ မည်သူဟူ၍ မောင်ကျော်ဦး စဉ်းစားမရချေ။ မခင်ချစ်၏မျက်နှာကလေး ပြုံးပြုံးနှင့်နေတတ်သူဟူ၍ ကျောင်းသားများ ပြောပြဖူးသည်ဟုဆိုသော်လည်း ရိုစီခင်ချစ်ကို မျက်နှာပုံပန်း ဖမ်း၍ မရပေ။ မောင်ကျော်ဦးသည် ခုတင်ခေါင်းရင်းဘက် စားပွဲငယ်ဘေးတွင် ချိတ်ဆွဲထားသော ပစ္စည်းထည့်စရာ

mgyoe.com

mgyoe.com
လွယ်အိတ်တစ်ခု ရှိ၏။ ထိုလွယ်အိတ်ထဲမှ လက်တစ်ဝါးခန့်နှင့် အရှည် တစ်မိုက် ခန့်ရှိသော ချောကလက်သေတ္တာတစ်ခုကို ထုတ်ယူကာ...

"ဒါကလေး သူ့ကို ပေးပေးပါလား ဆရာရယ်... ကျွန်တော့်ကို ကိုယ်ချင်းစာတဲ့အတွက် ကျွန်တော်ကလည်း ဒါလေးလက်ဆောင်ပေးတယ် လို့ ပြောပေးပါလားခင်ဗျာ"

"အေး... မင်းပေးစေချင်ရင် ပေးလိုက်ရတာပေါ့"

ဆရာဝန်သည် ချောကလက်သေတ္တာကိုယူကာ ဆေးရုံကြီး ၃ ထပ်မှ ၂ ထပ်ခန်းသို့ ဆင်းသွားလေ၏။ မခင်ချစ်အား အပြင်းဖျားနေသော သူငယ် မောင်ကျော်ဦးက ပေးလိုက်ကြောင်းပြောကာ ချောကလက်သေတ္တာကို မခင်ချစ်၏လက်ထဲသို့ ထည့်လိုက်လေ၏။ မခင်ချစ်သည် ချောကလက် သေတ္တာကလေးကို လှမ်းယူလိုက်ကာ ဝမ်းမြောက်ကြည်သာသော အမူအရာ ကို ဖော်ပြလျက် ရှိလေ၏။

"မင်း... မောင်ကျော်ဦးကို သိသလား"

"သိတော့ မသိပါဘူး။ သူနဲ့တော့ ခဏခဏ ရင်ဆိုင်တွေ့ဖူးတာပဲ။ ဒါပေမဲ့ စကားမပြောဖူးဘူး"

ဆရာဝန်ကား တစ်ဦးနှင့် တစ်ဦး မေတ္တာကူးစက်ပုံကို စဉ်းစားနေဟန် ရှိလေ၏။

မောင်ကျော်ဦး၏ရောဂါကား တနင်္ဂနွေတစ်ပတ်မတိုင်မီ ကောင်းစွာ ပျောက်ကင်းသွားလေ၏။ ဆေးရုံမှဆင်းမည့်နေ့၌ မိတ်ဆွေသင်္ဂဟနှင့် မိဘ များ လာရောက်ကြိုဆိုကြ၏။ ဆေးရုံအဝတ် အပြာစင်းဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီတို့ကိုချွတ်ကာ အိမ်က အဝတ်အစားများဖြင့် လဲလှယ်လိုက်လေ၏။ လူချောတစ်ယောက် မဟုတ်သော်လည်း မေးရိုးအနည်းငယ်ကြီးသည်မှအပ မျက်လုံးမျက်ခုံးပြေပြစ်၍ ကြည့်ကောင်းသူလေး ဖြစ်၏။ ၎င်းတို့လူသိုက် သည် ဆရာဝန်များ၊ ဆရာမများကို နှုတ်ဆက်ပြီး ဂျာရူးဝါလားနှင့် ဆေးရုံ အစေခံများကို တစ်မူးတစ်မတ်စီ ကုသိုလ်ပြုပြီးနောက် အောက်ထပ်သို့ ဆင်းလာကြလေ၏။ ထိုအချိန်ကား ဆေးရုံတွင် အပြင်လူများဝင်ခွင့်ပြုသော ၅ နာရီအချိန် ဖြစ်လေ၏။

မောင်ကျော်ဦးသည် မိဘနှင့် အဖော်များ အောက်ကစောင့်နေကြရန်
mgyoe.com

mgyoe.com

ပြောဆိုလွှတ်လိုက်ပြီးလျှင် မိန်းမလူနာအခန်းသို့ ဝင်ရောက်လာလေ၏။ ခုတင်ပေါ်တွင် အသီးသီးလဲလျောင်းနေသော မိန်းမလူနာများကို ကြည့်ရှုရာမှ ချောကလက်သေတ္တာကလေး မြှောက်ကိုင်နေသူကို မြင်ရသဖြင့် အနားသို့သွားကာ အရဲစွန့်လျက်...

"မခင်ချစ်" ဟု ခေါ်လိုက်လေ၏။ မခင်ချစ်သည် မောင်ကျော်ဦးကို မော့ကြည့်၏။ ကျန်းမာရွှင်လန်းပုံရသော မောင်ကျော်ဦး၏ မျက်နှာကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ရှုရာ အဝတ်သစ်များနှင့် တွေ့ရသဖြင့်...

"ကိုကျော်ဦး... ကနေ့ဆင်းတော့မလား" ဟု လွှတ်ခနဲ နာမည်ကို ခေါ်ကာ မေးလိုက်ရာလေ၏။

"ဟုတ်တယ်... ကနေ့ဆင်းမလို့ပဲ။ အခု လာနှုတ်ဆက်တာ..."

မောင်ကျော်ဦးသည် ယခုမှ ရိုစီခင်ချစ်ကို ကောင်းစွာ သိရှိတော့၏။ ကျောင်းနီးချင်းဖြစ်ကာ တိတ်တိတ်ခိုးကြည့်ရာမှ မျက်နှာချင်းဆုံသူမှာ မခင်ချစ်ဟု ကောင်းစွာ မှတ်မိ၏။ မယ်သီလရှင်လူထွက်ပမာ ဆံပင် လက် ၄ လုံးခန့်နှင့် ဦးခေါင်းအဆင်းပျက်သော်လည်း မျက်လုံး၊ နှုတ်ခမ်း၊ ပါးပြင်ကလေးကား အဆင်းမပျက်ရာသေးပေ။

"ကျွန်မလည်း ကနေ့ဆင်းရမလား မသိဘူး။ အတော်ကြာသွားပြီ ရှင့်"

"အခုလို ကျန်းမာလာတာ သိပ်ဝမ်းသာတာပဲ။ အောက်မှာလည်း အဖော်တွေ စောင့်နေတယ်။ သွားတော့မယ်နော်... မခင်ချစ်"

မောင်ကျော်ဦးသည် ယုယကြင်နာစွာ ကရုဏာမိုးရွာသော အသွင်ဖြင့် ကြည့်ရှုရင်း နှုတ်ဆက်လေရာ မခင်ချစ်မှာ ဝမ်းနည်းလွန်းသဖြင့် ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်ရာ၏။ မောင်ကျော်ဦး၏ ဘလေဇာ နက်ပြာရောင် နောက်ကျောပြင်ကြီးကို လှမ်းမျှော်ကြည့်ရှုရင်း ကျန်ခဲ့ရာမှ ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် မျက်ရည်များ တသွင်သွင် စီးဆင်းလာရာလေ၏။ ချောကလက်သေတ္တာအခွံကလေးသည် မခင်ချစ်အား ဝမ်းနည်းသလို ကြည့်ရှုနေဟန် ရှိ၏။

မကြာမီ မခင်ချစ်၏ မိဘများနှင့် ဒေါ်ချန်မီ ရောက်ရှိလာကြ၏။

"ကဲ... သမီး၊ ကနေ့ဆင်းဖို့ ပြောထားတယ်။ အဝတ်များလဲပေတော့"

mgyoe.com

mgyoe.com

ဟု မခင်ချစ်၏ လုံချည် အင်္ကျီစသည်တို့ကို ထုတ်ပေးလေ၏။ မခင်ချစ်ကား မောင်ကျော်ဦးသာ ဆေးရုံတွင် ရှိနေသေးက ဆင်းချင်မည် မဟုတ်ချေ။ ယခုမူကား ဆေးရုံကြီးတစ်ခုလုံး ခြောက်ကပ်ကပ်ဖြစ်နေသည်ဟု ထင်မှတ်နေ၏။ အဝတ်အစားများကိုယူကာ ရေချိုးခန်းသို့သွား၍ လဲလှယ်လေ၏။ ပြန်လာသောအခါ ဒေါ်ချန်မီသည် မျက်ရည်ဝိုင်းလျက်...

"အန်တီ့ဆီ စာ ခဏခဏထည့်နော် မခင်ချစ်..." ဟုဆိုရာ မခင်ချစ်မှာ ဒေါ်ချန်မီကို လွမ်းလှ၍မဟုတ်၊ မောင်ကျော်ဦး နှုတ်ဆက်ထွက်ခွာသွားသည်ကို ဝမ်းနည်းမပြေသေးသဖြင့် မျက်ရည်ပြန်ဝိုင်းလာ၏။ "ဟုတ်ကဲ့ အန်တီ" ဟုဆိုကာ ဆေးရုံကြီးနှစ်ထပ်မှ မိဘများနှင့်အတူ ဆင်းသက်လာခဲ့ကြလေ၏။

*

မခင်ချစ်၏မိဘများကား မခင်ချစ်ကို မိမိတို့မြို့သို့ ခေါ်ဆောင်သွားလေ၏။ မခင်ချစ်မှာ ရောဂါပျောက်ကင်းသော်လည်း အားအင်သန်စွမ်းခြင်း မရှိချေ။ ကျောင်းဆက်ထားရန် မဖြစ်နိုင်တော့ဟု သဘောရကြကာ အိမ်တွင် နေစေ၏။ ထင်သည့်အတိုင်းလည်း အသက်ကြီးပြင်းလာရာ၌ ပိန်ပိန်ပါးပါး ဖျော့တော့သော မိန်းမပျိုတစ်ယောက် ဖြစ်နေရှာ၏။ အိမ်၌ စာအုပ်ကိုအဖော်ပြုကာ အချိန်ကုန်ခဲ့ရှာ၏။ မောင်ကျော်ဦး၏အကြောင်းကိုကား သူ မကြား၊ မသိရရှာတော့ချေ။

ရက် လစား၊ လ နှစ်စားဖြင့် အချိန်ကုန်မှန်းမသိ ကုန်ခဲ့လေ၏။ တစ်နေ့သ၌ကား မခင်ချစ်တို့မိဘနေအိမ်သို့ လူရွယ်တစ်ယောက် ရောက်လာ၏။ ထိုလူရွယ်ကား မခင်ချစ်၏ညီမနှင့် ချစ်ခင်နေသူဖြစ်၍ မိဘကလည်း သဘောတူသူဖြစ်၏။ ထိုလူရွယ် ဧည့်ခန်းတွင်ထိုင်နေရာသို့ လျှောက်သွားလျက်...

"ဒါထက် ကိုသိန်းထွန်းတို့ကောလိပ်မှာ ကိုကျော်ဦးဆိုတဲ့ လူတစ်ယောက် မရှိဘူးလား၊ သူ့ကို မသိဘူးလား"

သိန်းထွန်းသည် စိတ်အားထက်သန်စွာ မေးမြန်းလာသော မခင်ချစ်၏အမူအရာကို အံ့ဩစွာကြည့်ရင်း...

mgyoe.com

"ဘောသမား လူကြမ်း လူရှည် ကိုကျော်ဦးလား... လူချင်းတော့ မသိဘူး မခင်ချစ်။ ဒါပေမဲ့ သူ့ကို ကျောင်းသားတိုင်း သိကြတယ်"

"ဟုတ်ပြီ... ဟုတ်ပြီ။ သူပါပဲ။ သူလိုလူ သူတစ်ယောက်ပဲ ရှိမှာပါပဲ"

"မခင်ချစ်နဲ့ ဘယ်မှာသိဖူးလို့လဲ... မိတ်ဆွေလား"

"မသိပါဘူး... မိတ်ဆွေလည်း မဟုတ်ပါဘူး။ တစ်ခါနှစ်ခါ မြင်ဖူးတာပါ"

မခင်ချစ်သည် သူ၏စကားကို သူ၏နားက လက်ခံချင်ဟန်မတူချေ။ သူစိမ်းပြင်ပြင်အနေနှင့် ပြောလိုက်ရသည်ကိုပင် ရင်လေးသွားရှာလေ၏။

မောင်ကျော်ဦး ၁၇ နှစ်သား၊ မခင်ချစ် ၁၅ နှစ်သမီးအချိန် စိတ်ကူးယဉ်စဉ်က ယနေ့အချိန်အထိ တွက်ချက်လျှင် လပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်၏။ မခင်ချစ်သည် သူ၏စိတ်တွင် မောင်ကျော်ဦးကို မမေ့ချေ။ ထိုအခိုက် မခင်ချစ်၏ညီမ မတင်မြ ရောက်လာသဖြင့် လူငယ်ရေးတွင် ဝင်မစွက်လိုသော သဘောနှင့် မခင်ချစ် ရှောင်ထွက်သွား၏။

"မြရဲ့ အစ်မကတော့ တော်တော်ဆန်းတဲ့ မိန်းမပဲ။ သူ ကိုကျော်ဦးကို အရေးတကြီးမေးပြီး သူနဲ့လည်း တကယ်မသိဘူးတဲ့... မြကော သိသလား"

မတင်မြသည် "ဟင့်အင်း" ဟုဆိုကာ ခေါင်းကလေးယမ်းပြရင်း "မမက လူတစ်မျိုး ကိုကိုရဲ့... သူ့စိတ်ထဲက တစ်ခုခုကိုစွဲလမ်းနေရင် ဘယ်တော့မှမမေ့ဘူး။ ဒီလူကို သူကြိုက်တာ တစ်ခုခုရှိလိမ့်မယ်"

"Sportsman ပဲလေ... နာမည်ကျော်ပေါ့"

"ဒါကြောင့် သူမှတ်သားထားပြီး မေးတာ ဖြစ်ပါလိမ့်မယ်"

မောင်သိန်းထွန်းကား ထိုစကားကို ဖြတ်ပြီးနောက် ချစ်သူတို့ဘာဝ ချစ်တင်းစကားပြောဆိုကာ အချိန်ကုန်မှ နှုတ်ဆက်ထွက်ခွာသွားလေ၏။

မခင်ချစ် ၁၉ နှစ်အရွယ်၌ မိခင်ကြီးဆုံးသဖြင့် အပူတစ်ခု တိုးလာပြန်၏။ ဖခင်ကြီးနှင့် ညီအစ်မ ၂ ယောက် ဥမကွဲ သိုက်မပျက်နေကြရာမှ မတင်မြသည် မောင်သိန်းထွန်းနှင့် လက်ထပ်ရန် အရေးပေါ်ပေါက်လာပြန်လေ၏။ လက်ထပ်အခမ်းအနားတွင် ဝတ်စားရန်အတွက် အဝတ်အစားများကိုလည်း မခင်ချစ်ကိုယ်တိုင် ကူညီဝယ်ခြမ်းပေးရလေ၏။

"မဟုတ်လည်း မြ လက်ထပ်တော့မှာပဲ။ ဒါပေမဲ့ မမ သိချင်တာက မြနဲ့ ကိုသိန်းထွန်းတို့ဟာ တကယ်ချစ်ကြရဲ့လား... မြ သူ့ကို တကယ်ချစ်ရဲ့

mgyoe.com

mgyoe.com

လား။ ကိုသိန်းထွန်းလာတိုင်း မြ လက်ခံစကားပြောတာ မြင်ရပေမဲ့ မြရဲ့အမူအရာက နှစ်နှစ်ကာကာ ရှိပုံမရလို့ မမ မေးကြည့်တာပါ"

"ချစ်တော့ ချစ်တာပဲ... ဒါပေမဲ့ သေရမလောက် အချစ်မျိုးတော့ မရှိဘူး။ နို့ပေမဲ့ မေမေရှိကတည်းက သဘောတူလာတာ မမလည်း သိသားနဲ့။ သူ့မှာ လူပျိုစစ်၊ မိကောင်းဖခင်သား၊ ကောလိပ်ကျောင်းထွက်ဆိုတော့ မြ ဘာငြင်းစရာရှိသလဲ မမရဲ့... တစ်နေ့ ပျော်လာရမှာပေါ့"

မခင်ချစ်ကား ဤကဲ့သို့ နှစ်နှစ်ကာကာ မရှိလှဘဲ နောင်တော့ ပျော်လိမ့်မည်အထင်နှင့် အိမ်ထောင်ပြုခြင်းကို လုံးဝ မနှစ်သက်ချေ။ အစီအစဉ်များ လည်း ပြုလုပ်ပြီးပြီဖြစ်၍ ဖျက်ဆီးရန်လည်း မကောင်း၊ မတင်မြသည် သူ၏အမှားကို တစ်နေ့တွင် တွေ့လိမ့်မည်ဟု ထင်မိ၏။ မတွေ့ခင်က တားမြစ်ခြင်းသည်လည်း အကြောင်းပြခိုင်လုံမည် မဟုတ်သဖြင့် လက်ထပ်ပွဲ မြန်မြန်ပြီးပါစေဟု ဆုတောင်းလေ၏။ သိန်းထွန်းကား မခင်ချစ် အမူအရာကို ကြည့်ရှုပြီး နောက် မာနကြီးတဲ့မိန်းမတစ်ယောက်၊ ဒါကြောင့် အပျိုကြီးဖြစ်တာပဲဟု အသက် ၂၁ နှစ်မျှရှိသေးသော မခင်ချစ်အား အပျိုဟိုင်းနှင့် နှိုင်းယှဉ်ကာ သူ့ချစ်သူ မတင်မြအား ပြောပြလေ့ရှိ၏။

မကြာမီ မတင်မြနှင့် မောင်သိန်းထွန်းတို့ လက်ထပ်ရန် ရက်နီးကပ်လာလေ၏။ လက်ထပ်ပွဲမှာ ကြီးကြီးကျယ်ကျယ် မဟုတ်။ မတင်မြတို့မြို့တွင်ပင် မိန်းကလေးအိမ်၌ လက်ခံရမည်ဖြစ်သည့်အတိုင်း လူ ၃–၄၀၀ အထိ ဖိတ်မံထားပြီး ဖြစ်၏။ ၅ ခန်း ၄ ပင် ပျဉ်ထောင်၊ သွပ်မိုး၊ ၂ ထပ်အိမ်ကြီး၏ ရှေ့ဝင်းထဲတွင် လူ ၅၀၀ မှ ၆၀၀ ခန့်ဆံ့သော မဏ္ဍာပ်အလတ်စားတစ်ခု ထိုးထား၏။ မောင်သိန်းထွန်းနှင့် ရင်းနှီးသော မိတ်ဆွေများသည်လည်း လက်မထပ်ခင် တစ်ရက်၊ နှစ်ရက်က မတင်မြတို့မြို့သို့ ရောက်ရှိလာရာ မောင်သိန်းထွန်းမှာ ရက်တစ်ပတ်ခန့် တင်ကူးလာသူ ဖြစ်၏။

ထိုမိတ်ဆွေများအနက် မောင်မင်းအောင်ဆိုသူကား မောင်သိန်းထွန်းနှင့် ရင်းနှီးချစ်ခင်သူဖြစ်သဖြင့် ၂ ရက်ခန့် တင်ကူးရောက်ရှိလာလေ၏။ မခင်ချစ်ကား မောင်ကျော်ဦးနှင့် မောင်သိန်းထွန်း ကျောင်းနေဖက်ချင်းဖြစ်သဖြင့် ၎င်းလာလေမလားဟု မျှော်လင့်မိ၏။ မောင်သိန်းထွန်းက လူချင်း မသိကျွမ်းဆိုသဖြင့်လည်း လာမှာမဟုတ်ပါဘူးလေဟု အားငယ်မိရှာ၏။

mgyoe.com

mgyoe.com

မောင်မင်းအောင်မှာ မောင်သိန်းထွန်းနှင့်သာမဟုတ်၊ မောင်ကျော်ဦးနှင့်လည်း ရင်းနှီးသည်ဟု မတင်မြကမောင်သိန်းထွန်းဆီက စကားအတိုင်း တစ်ဆင့်ပြောပြသဖြင့် မခင်ချစ်မှာ အိမ်ခံလူလည်း ဖြစ်သည်ကတစ်ကြောင်းကြောင့် မောင်မင်းအောင်အား ဖော်ရွေစွာ ပြုစုလေ၏။ မောင်မင်းအောင်ကား မောင်သိန်းထွန်းနှင့်ရင်းနှီး၍ အစ်ကိုကြီးဟု အကြိမ်ပေါင်းများစွာ ပြုံးရယ်ခေါ်ငင်မိသော်လည်း မခင်ချစ်ရှေ့၌ ကောလိပ်ကျောင်းထွက်ပီပီ ဣန္ဒြေရရနှင့်နေထိုင်လေ၏။ သူ၏မျက်လုံးများကား မခင်ချစ်ကို စွဲလမ်းချစ်ခင်နေပုံရ၏။

တစ်ညအိပ်မျှကြာသောအခါ မောင်မင်းအောင်နှင့် မခင်ချစ်သည် ပြောရဲ ဆိုရဲ ဖြစ်လာလေ၏။ မခင်ချစ်၏အမူအရာကား အမြဲကြည်လင်သော်လည်း ရင့်သောဣန္ဒြေကို မျက်လုံးက သက်သေခံလျက် ရှိ၏။ သို့ရာတွင် မောင်မင်းအောင်ကိုကား ဖော်ဖော်ရွေရွေ ပြောဆိုလေ့ရှိ၏။ မောင်မင်းအောင်၏စိတ်၌ တစ်ဦးမေတ္တာ တစ်ဦးမှာဟူသကဲ့သို့ မိမိက မေတ္တာထား၍ မခင်ချစ်ကလည်း မိမိအပေါ် မေတ္တာတုံ့ပြန်သည်ဟု မှတ်ထင်ဟန်ရှိ၏။ အမှန်ကား မခင်ချစ်မှာ မောင်မင်းအောင်သည် မောင်ကျော်ဦးနှင့် ရင်းနှီးသူဟု ကြားသိရသဖြင့် ပိုမိုဂရုစိုက်ခြင်းမျှ ဖြစ်၏။

လက်မထပ်ခင် ညနေခင်း၌ မခင်ချစ်သည် ဧည့်သည်များထိုင်သော စားပွဲတစ်ခုပေါ်မှ တစ်စုံတစ်ရာသည် လေတိုက်၍ လှုပ်ရှားနေ၏။ ဘာပါလိမ့်ဟု သိလိုသောဇောနှင့် သွားရောက်ကြည့်ရှုရာ ကျန်းမာရေးမဂ္ဂဇင်းစာအုပ်ဖြစ်နေ၏။ အဖုံးတွင် မင်းအောင်ဟု အင်္ဂလိပ်စာနှင့် နာမည်ရေးထား၏။ မခင်ချစ်သည် စာအုပ်ကို တောင်လှန်၊ မြောက်လှန် ကြည့်ရှုနေရာမှ တစ်စုံတစ်ရာကို တွေ့ရသဖြင့် အံ့အားသင့်နေလေ၏။

ထိုအရာကား အခြားမဟုတ်၊ ပေးခုန်ပွဲချန်ပီယံ မောင်ကျော်ဦးဟု စာတန်းထိုးလျက် ကြွေရောင်စက္ကူတွင် ပီသပြတ်သားစွာ ရိုက်နှက်ထားသော မောင်ကျော်ဦးပုံ ဖြစ်နေလေ၏။ မောင်ကျော်ဦးကား လွန်ခဲ့သည့် ၅ နှစ်က မောင်ကျော်ဦးကဲ့သို့ နုပျိုခြင်းမရှိ၊ အနည်းငယ် အသက်ကြီးနေ၏။ သို့ရာတွင် လေးထောင့်မေးရိုး၊ စူးရှပြုံးကျယ်သော မျက်လုံး၊ နဖူးကျယ်နှင့် နားရွက်ကား ကြီးကိုကား မခင်ချစ် မမေ့နိုင်ချေ။

mgyoe.com

mgyoe.com


ထို့နောက် တစ်စုံတစ်ဦး အနားသို့ရောက်လာသဖြင့် စာအုပ်သည် လက်မှ လွတ်ကျသွားလေ၏။ ထိုသူသည် စာအုပ်ကိုကောက်ပေးရင်း ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်ကာ...

"ခုနက ဘယ်သူ့ပုံကြည့်နေတာလဲ မခင်ချစ်..."

"ဘယ်သူ့ပုံရယ်လို့ မဟုတ်ပါဘူး။ ကိုမင်းအောင် စာအုပ်တွေ့တာနဲ့ တောင်လှန်မြောက်လှန် ကြည့်နေမိတာပါပဲ"

"မခင်ချစ်ကြည့်နေတာ ကိုကျော်ဦးပုံမှတ်လို့ မေးမိတာပဲ၊ သိသလား"

"မသိပါဘူးရှင်... ရှင်ကော သူ့ကို သိသလား"

"ကျွန်တော်နဲ့ ကစားဖက်ပဲ... သိတာပေါ့ဗျာ။ ဘောလုံးကစားရင် သူက အလယ်လူ၊ ကျွန်တော်က ညာဝင်းက ကစားတာပဲ"

မခင်ချစ်သည် စကားဆက်မပြောဘဲ ငေးနေ၏။ တဒင်္ဂပဟာန် လှန်လှောကြည့်လိုက်မိသော မောင်ကျော်ဦးပုံနှင့် အတွေးနယ်ချဲ့နေလေ၏။

"ကျွန်တော်လည်း ဘိလပ်ကို သုံးနှစ်လောက် သွားရဦးမယ်။ ကိုသိန်းထွန်းလို မိန်းမလှတစ်ယောက်နဲ့ သေချာသွားရရင် ဟန်ကျမှာပဲဗျာ"

"ကိုသိန်းထွန်းတော့ သူ့ဟာသူ ကြိုးစားတာပဲရှင်"

"ကျွန်တော်တော့ မခင်ချစ်ကို အားကိုးချင်တာပဲဗျာ။ ရုပ်ရည်ကတော့ မခင်ချစ်အတိုင်းပေါ့။ မကူညီနိုင်ဘူးလားဗျာ"

မခင်ချစ်သည် ပြုံးကျယ်ကြည်လင်သော မျက်လုံးကြီး လှန်လိုက်ကာ မောင်မင်းအောင်အား ကြည့်လိုက်၏။ မိမိအား လူပျိုစကားပြောနေသည်ကိုလည်း နားလည်၏။ ရိုင်းသောအမူအရာကို မပြလိုသဖြင့်...

"ရှင်ဘိလပ်မှာ သုံးနှစ်ကြာပြီး ပြန်လာတဲ့အခါ မိန်းမတွေက ငွေတောင်တင်တောင်းကြဦးမှာပဲ။ အခုက အပျိုရှာလို့... စာသင်ပျက်မှာပေါ့"

"အကြောင်းသိရုံလောက် သိသွားရအောင် မခင်ချစ် အကြံမပေးနိုင်ဘူးလားခင်ဗျာ။ ကူညီစမ်းပါဦး"

"ဟိုကပြန်လာတော့ ကူညီရတာပေါ့"

"ဟိုကျလို့ ကျွန်တော်စာရေးရင် မခင်ချစ် စာပြန်မယ်လား"

"မိတ်ဆွေတစ်ယောက်က စာရေးလို့ စာမပြန်ရင် ရိုင်းရာကျမှာပေါ့"

mgyoe.com

mgyoe.com


"ဒီလိုဆိုရင် ဝမ်းသာတာပဲဗျာ။ တော်တော်ကြာသာ မခင်ချစ်က မေ့သွားမှာ စိုးရိမ်တာပါပဲ"

"သူ အိမ်ထောင်ကျသွားပလားရှင်"

မခင်ချစ်သည် သူစိတ်ကူးသန်ရာကို မဆီမဆိုင် မေးလိုက်လေ၏။ လူပျိုစကား အတင်းပြောနေသော မောင်မင်းအောင်လည်း အမှတ်တမဲ့နှင့်...

"ဟုတ်ကဲ့... အိမ်ထောင်ကျသွားပြီ"

"မဟုတ်ဘူး... ကျွန်မ မေးတာက ကိုကျော်ဦးကို မေးတာ"

"အို... မကျသေးပါဘူး။ ဒီလူက ဘယ်မိန်းမမှ ဂရုစိုက်တဲ့လူ မဟုတ်ဘူး။ မိန်းမစကားတောင် ပြောတဲ့လူ မဟုတ်ဘူး"

မခင်ချစ်သည် အချိန် ၅၀ ရှိသော ဝန်ထုပ်ကြီးရွက်ထားရာမှ ဖုတ်ခနဲ လွှတ်ချပစ်လိုက်သကဲ့သို့ တစ်ကိုယ်လုံး ပေါ့ပါးသွားလေ၏။ သူ၏မျှော်လင့်ချက်ကား မကုန်သေး၊ ဆုံးခန်းတိုင်မရောက်သေး၊ တစ်နေ့တွင် မိမိချစ်သူနှင့် ပြန်လည်တွေ့ဆုံရမည်ဟု ယုံကြည်စိတ်ချလေ၏။ ထိုအခိုက် "ဟေး... အပျိုကြီးရဲ့ လာပါဦး။ ဖလားစုံကွမ်းအစ်တွေ ဘယ်လိုစီစဉ်မှာလဲ" ဟု မိန်းမကြီးတစ်ယောက် လှမ်းအော်လိုက်သဖြင့် မခင်ချစ်သည် မောင်မင်းအောင်ရှေ့မှ ထွက်ခွာလာခဲ့လေ၏။

နောက်တစ်နေ့တွင် မတင်မြ၏လက်ထပ်ပွဲသည် ချောချောမောမောနှင့် ပြီးစီးသွား၏။ သိန်းထွန်းသည် မတင်မြ၏ဖခင်အိမ်တွင် တစ်ပတ်ခန့်နေထိုင်ကြရန် ဆုံးဖြတ်လေ၏။ တစ်ပတ်ခန့်ကြာသောအခါ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်မည်ဟု စီစဉ်ထားရာ မင်းအောင်လည်း သူ၏မြို့သို့ ခဏပြန်သွားလေ၏။ သိန်းထွန်းတို့ ရန်ကုန်မပြောင်းခင်တစ်ရက်၌ မခင်ချစ်တို့အိမ်သို့ရောက်ရှိလာ၏။ သူ၏မျက်လုံးများကား မခင်ချစ်၏အလစ်ကို ချောင်းနေ၏။ လစ်သည်နှင့်တစ်ပြိုင်နက် အနီးသို့ကပ်သွားကာ...

"မခင်ချစ်... ကျွန်တော်လည်း ကိုသိန်းထွန်းတို့နဲ့ ရန်ကုန်လိုက်သွားပြီး တစ်ပတ်လောက်ကြာရင် ဘိလပ်သွားရတော့မယ်"

"ဩော်... ဟုတ်လား၊ မြန်မယ့် မြန်တော့လည်း ချက်ချင်းလိုပါပဲလား"

"ဟောဒါကလေး ကျွန်တော့် မမေ့အောင် ယူထားစေချင်ပါတယ်"

mgyoe.com

mgyoe.com


ဟု မင်းအောင်သည် ဘွဲ့နှင်းသဘင်တုန်းက အဝတ်အစားနှင့် သူ၏ဓာတ်ပုံ တစ်ပုံကို ပေးလေ၏။

မခင်ချစ်ကား လက်မခံလျှင် ရိုင်းရာကျမည်စိုးသဖြင့် "ဟုတ်ကဲ့" ဟုဆိုကာ ဓာတ်ပုံကိုယူပြီးလျှင် စားပွဲအံဆွဲထဲသို့ ဆွဲသွင်းလိုက်လေ၏။

"ကျွန်တော်စာပေးရင် မခင်ချစ် စာပြန်မယ်နော်... ဟုတ်စ"

"ဟုတ်ကဲ့... မိတ်ဆွေတစ်ယောက်က စာပေးတာ စာပြန်ရမှာပေါ့ရှင်"

"ကျွန်တော်စကားပြောတာ အမှားပါလျှင် သည်းခံပါခင်ဗျာ"

"ဟုတ်ကဲ့... ကျွန်မ စဉ်းစဉ်းစားစားနဲ့ နားထောင်တတ်ပါတယ်။ ဩော်... ကျွန်မ လုပ်စရာကိစ္စလေးရှိသေးလို့ တစ်ဆိတ်ခွင့်ပြုပါဦးနော်" ဟုဆိုရာ နေရာမှထလေရာ မင်းအောင်မှာ ငိုင်၍ကျန်ရစ်၏။ မခင်ချစ်ကား မည်သူနှင့်မျှ စကားကြာရှည် မပြောလိုချေ။ သူ့အတွေးနှင့်သူ အေးအေးနေ လို၏။

နောက်တစ်နေ့တွင် သိန်းထွန်း၊ မတင်မြ၊ မင်းအောင်တို့သည် ရန်ကုန် သို့ လိုက်ပါသွားရာ ညီအစ်မနှစ်ယောက်သည် တစ်ဦးလည်ပင်း တစ်ဦးဖက် ကာ မျက်ရည်စက်လက်နှင့် ခွဲခွာကြလေ၏။

*

သံသရာစက်ကြီးလည်သည်နှင့်အမျှ လောကဇာတ်ခုံ လူတို့ဘုံ၌ လည်း လူတို့၏အဖြစ်အပျက်သည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိလေ၏။ မောင်မင်းအောင်မှာ ဘိလပ်က သင်္ဘောပတ်တိုင်း စာရေးလေ့ရှိရာ မခင်ချစ် မှာ ဝတ်ကျေဝတ်ကုန်မျှ ပြန်ကြားလိုက်၏။ တစ်ခါတစ်ရံ မင်းအောင်၏စာထဲ ၌ ဆွယ်တရားများ ပါလာတတ်ရာ ထိုစာအတွက် အဖြေမပေးဘဲ မာကြောင်း သာကြောင်းသာ ရေးလေ့ရှိ၏။

သူ၏စိတ်ထဲ၌ လောကကြီးတွင် ယောကျာ်းဆို၍ ကျော်ဦးတစ်ယောက် ကလွဲပြီးရှိသည်ဟု မထင်ချေ။ ချစ်စကား ကြိုက်စကားပြောဖူးသော ရည်းစား လည်းမဟုတ်၊ ကလေးအရွယ်မို့ စွဲလမ်းလျှင် တော်သေး၏။ အသက် ၂၀ ကျော်တိုင်အောင် ထိုအစွဲဖျောက် မရချေ။ သိန်းထွန်းတို့လက်ထပ်ပြီး၍ ၂ နှစ် ကျော်ကြာသောအခါ မခင်ချစ်၏ဖခင်ကြီးသည် အိပ်ရာတွင် လဲပြန်၏။
mgyoe.com

mgyoe.com

ညီမ မတင်မြအား အရေးတကြီးခေါ်ယူရ၏။ ဖခင်ကြီးကား သေမင်းလက်က လွတ်တော့မည် မဟုတ်။ ထို့ထက် လယ်ယာနှင့် အိမ်ကြီးပါ အကြွေးနှင့်အပ် ရတော့မည့်အရေးလည်း အကုသိုလ် နောက်ဆက်တွဲပါလာ၏။ ဖခင်ကြီး သည် သူ၏သေချိန်ကို စောင့်စားပြီးနောက် မပြန်လမ်းသို့ မြန်းတော့လေရာ ညီအစ်မနှစ်ယောက်မှာ ငါးရံ့ပြာလူး အထူးပူဆွေး ငိုကြွေးကြရှာတော့၏။

ဖခင်ကြီးအတွက် ရက်လည်ပြီးနောက် ရှင်းလင်းတန်သမျှ ရှင်းလင်း ခဲ့ကာ မခင်ချစ်သည် ညီမနှင့်အတူလိုက်နေရန် ပြင်ဆင်ရလေ၏။ သူ၏ ပစ္စည်းများအနက် ချောကလက်ဘူးခွံနှင့် ကျန်းမာရေးမဂ္ဂဇင်းမှ ဖြတ်ယူထား သော ကျော်ဦး၏ပုံသည် အရေးအကြီးဆုံး ဖြစ်၏။ 'ခရိုင်ပျက်ထီး၊ ဖောင်ကြီး ကွဲလံ၊ သောင်ကြီးယွံ့သို့' ဟူသော မန်လည်ဆရာတော်ဘုရား၏ မဃဒေဝ လင်္ကာအတိုင်း မိဘနှစ်ပါးကွယ်လွန်သော ညီအစ်မနှစ်ဦးသည် မိမိတို့၏ မှီခိုစရာရှိမည့် ရန်ကုန်မြို့သို့ လိုက်ပါလာကြလေ၏။

မခင်ချစ်၏စိတ်ထဲ၌ မတင်မြက စိတ်တစ်မျိုး။ သိန်းထွန်းဝါသနာ က တစ်ဖုံဖြစ်သဖြင့် လက်ထပ်စက တာရှည်မည်မဟုတ်ဘူးဟု တွေးခဲ့၏။ ၂ နှစ်ကျော်၊ ၃ နှစ်နီးပါး ဘာသံမျှမကြားသောအခါ အိမ်ထောင်လက်ထပ် ရေး၏အချစ်ဆိုသည်မှာ ညားပြီးကြလျှင် ချစ်ခင်ပျော်ရွှင်ကြတာပဲ ထင်ပါရဲ့ ဟု တွေးပြန်၏။ မိမိကိုယ်တိုင် ညီမ၏အိမ်သို့ရောက်သောအခါ မိမိ၏ ပထမ ထင်မြင်ချက် မှန်နေပြီလားဟု တွေးမိ၏။ "မမရောက်လာတာ ကျွန်မ အဖော်ရတာပဲ" ဟု မတင်မြ လေးလေးနက်နက် ပြောခြင်းတစ်ရပ်၊ အိမ်တွင် လည်း အိမ်နှင့်မတူ၊ အိမ်ထောင်ပရိဘောဂအားလုံး ပစ္စုဒ္ဒေရ ဖြစ်နေ၏။ မတင်မြသည် သပ်သပ်ရပ်ရပ်နေတတ်၏။ သို့ရာတွင် ယခုမနေတော့။ သူသည် အိမ်တွင် သပ်ရပ်စွာ ပြုပြင်ခြင်းအားဖြင့် အကြောင်းမထူးဟု ပေါ့ပေါ့ ဆဆနေတော့လေသလား...

သိန်းထွန်းမှာ ရန်ကုန်ရေကျော်ဘက်တွင် အိမ်ကြီးတစ်အိမ် ငှားနေ၏။ မော်တော်ကားကလေးတစ်စီးနှင့် ရုံးအလုပ်သွားရသူ ဖြစ်၏။ မတင်မြမှာ မခင်ချစ်ရောက်၍ ၄–၅ ရက်မျှသာ အိမ်တွင်မြဲပြီးလျှင် နောက်အချိန်၌ စားသောက်ရုံမျှ အိမ်တွင်ကပ်လျက် ထွက်လည်လေ့ရှိ၏။ စုံစမ်းသောအခါ အိမ်နီးချင်း မင်းကတော်၊ စာရေးကတော် အိမ်များတွင် ပိုကာဒေါင်း၊ ဂျိုကာ

mgyoe.com

mgyoe.com


ဆွဲနေကြောင်း သိရ၏။ အိမ်မှုကိစ္စအဝဝကို မခင်ချစ်သာ စီမံခန့်ခွဲနေရတော့၏။ တစ်နေ့ကမှ မတင်မြ မနေနိုင်တော့၊ ညစာစားပြီးလစ်မည်အလုပ်...

"ဟော့ မတင်မြ... ဘယ်သွားမလို့လဲ။ ညည်းဟာ မလွန်ဘူးလား"

"ဘာလွန်သလဲ မမ... ကျွန်မလည်း စိတ်ပျော်တဲ့ဆီ သွားတာပေါ့။ ကျွန်မနဲ့ ညားစ ၂ လ၊ ၃ လသာ အိမ်မှာမြဲတာ၊ နောက်တော့ သူလည်း အိမ်မှာမြဲတာ မဟုတ်ဘူး။ မယားတစ်ယောက်ရှိတယ်လို့ အမှတ်မထားဘူး၊ အလုပ်ကပြန်ရင် ဖဲဝိုင်းသွားကစားတယ်၊ တစ်ခါတလေ တင်းနစ်ကစားတယ်။ ပြီးတော့ သူဘယ်လောက် ကစားတယ်၊ ဘယ်လောက်ပျော်တယ်လို့ ပြောပြီး တခေါခေါနဲ့ ဟောက်အိပ်တာပဲ။ ကျွန်မလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် တာရှည်သည်းမခံနိုင်ဘူး။ အိမ်ထောင်သည်ရဲ့ ပျော်ရွှင်မှုအရသာ ကင်းမဲ့ရင် ဘာလုပ်ဦးမလဲ မမရဲ့"

"လူရိုး လူကောင်း၊ အလုပ်အကိုင်နဲ့ လူတစ်ယောက်ပဲဟာ။ တစ်နေ့ ဖျောင်းဖျပြောကောင်းလာမှာပေါ့ ညီမရယ်"

"ဘယ်တော့မှ မကောင်းဘူး။ မေတ္တာလည်း မရှိပါပဲ။ အရင်ကတော့ ကလေးလိုချင်တယ်။ ခုတော့ ကလေးမရတာ ကံကောင်းတာပဲ။ မမဘာသာ စိတ်ချမ်းသာအောင်နေပါ မမရယ်။ ကျွန်မတို့အပူထဲ ဝင်မစွက်ချင်ပါနဲ့" ဟု ပြောကာ မတင်မြသည် စီးကရက်တစ်လိပ် လက်ကြားညှပ်လျက် ထွက်ခွာသွားလေ၏။

မခင်ချစ်ကား ၃ နှစ်ရာသီမျှကြာခဲ့သော ညီမသည်၏အိမ်ထောင်ရေး အချစ်ဇာတ်လမ်းကို တွေ့နေရပြီ ဖြစ်၏။ ဒေါ်ချန်မီက "ယောကျ်ားဆိုတာ စိတ်ပြောင်းတတ်တယ်"ဟု ပြောဖူးသည်ကို ပြန်လှန်သတိရ၏။ အချိန်ကား ည ၇ နာရီ ဖြစ်၏။ သိန်းထွန်းသည် ဖဲဝိုင်းတုတ်များထည့်သော အိတ်ကို တပည့်တစ်ယောက်အား ထမ်းယူခဲ့စေချက် ပြန်၍လာ။ ရေမိုးချိုးပြီးနောက်...

"မခင်ချစ်... ထမင်းစားပြီးပလား။ လာလေ... ထမင်းစားရအောင်"

မခင်ချစ်သည် ထမင်းစားခန်းထဲသို့ ဝင်သွားလေ၏။ သိန်းထွန်းသည် မတင်မြကိုမမေး၊ သူသွားချင်ရာ သွားပေစေဟု လွှတ်ထားဟန်တူ၏။

"မစ္စတာစတီဗင်ပေါ့ဗျာ... သူ့ကိုယ်သူ အထင်ကြီးတာ။ ကနေ့ ကောင်းကောင်း အလုပ်လုပ်ပြလိုက်တာ ငနဲ နောက်ကြားဝံ့မှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com

မခင်ချစ်ကား စကားပြန်မပြောချေ။

'ပြန်လာရင် သူ့ကိုယ်သူ ဘယ်လောက်တော်တယ်ဆိုတာ ပြောတာပဲ' ဟူသော မတင်မြ၏စကားကို သတိရလေ၏။ သိန်းထွန်းသည် ထမင်းစားပြီးနောက် တစ်ပတ်အလည် ထွက်သွား၏။ ၁၀ နာရီကျော်မှ ပြန်ရောက်လာလေ၏။

ရက်လ အနည်းငယ်ကြာသောအခါ မောင်မင်းအောင် ဘိလပ်မှ ပြန်ရောက်မည့်ရက်ချိန်း ကြေးနန်းတစ်စောင် ဘုံဘေမှ ရောက်လာ၏။ တစ်ပတ်သာသာကြာသောအခါ သင်္ဘောဆိုက်မည့်အချိန်တွင် မောင်သိန်းထွန်းကိုယ်တိုင် သွားရောက်ကြိုဆိုပြီးလျှင် အိမ်သို့ခေါ်ခဲ့လေ၏။

"မခင်ချစ် မာရဲ့နော်... ကိုသိန်းထွန်းပြောလို့ ဒီရောက်နေတယ်ဆိုတာ သိရတော့ အို... ဝမ်းသာလို့မဆုံးဘူး။ မခင်ချစ်ရုပ်က ဘယ်နေ့ ကြည့်ကြည့် ဒီရုပ်ပဲ၊ တိုးပြီး အိုသွားတယ်လို့ မရှိဘူး"

မင်းအောင်သည် စကားကို သူတစ်ယောက်တည်း လိုင်စင်ခံထားသကဲ့သို့ အဆက်မပြတ် အမျှင်တစ်တန်းကြီး ပြောလေ၏။ မခင်ချစ်က ပြူးကျယ်ကြည်လင်သော မျက်လုံးကြီးများကို မျက်တောင်ကော့အတွင်းက ခပ်ဖွင့်ဖွင့်ထားလျက် မင်းအောင်အား ကြည့်ပြုံးကာ...

"မာမာသာသာပဲနော်... ခုလိုပြန်ရောက်တာ ဝမ်းသာပါတယ်ရှင်"

"ကျွန်တော်လည်း မခင်ချစ်ကို ခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ။ ဗျို့ မတင်မြ၊ ဘာဟင်းချက်သလဲ... ကျွန်တော်တို့ အိမ်ခဏပြန်သွားပြီး အလုပ်မဝင်ခင်အတွင်း ခင်ဗျားတို့အိမ် စား၊ အိပ်နေမှာနော်"

"ဧည့်သည်လာမယ်ဆိုလို့ စုံနေတာပါပဲရှင်... နေနိုင်ပါတယ်။ ရှင် တစ်သက်လုံးနေနေ... ဝန်မလေးပါဘူး"

"ခပ်အေးအေးနေတတ်တဲ့ မခင်ချစ်က လူပိုလူရှုပ်ရှိတာ သဘောကျချင်မှကျမှာ... ခင်ဗျားအစ်မလည်း ကူပြောပေးပါဦး"

"ဒါက သူ့အိမ်ပဲဟာရင်... ကျွန်မက ကန့်ကွက်စရာအကြောင်း မရှိပါဘူး" မခင်ချစ်သည် ထိုသို့ပြောပြီးနောက် တွေဝေ၍နေ၏။ ကျော်ဦးနှင့် မင်းအောင်တို့သည် ရင်းနှီးကြ၏။ မင်းအောင်သည် ကျော်ဦးအကြောင်းကို ဘိလပ်နေစဉ်က စာရ၍ သိကောင်းသိမည်။ သို့မဟုတ် မင်းအောင်

mgyoe.com

mgyoe.com

မြန်မာပြည်ရောက်မှ ဆက်သွယ်၍ သိကောင်းသိနိုင်မည်ဟု တွေးလေ၏။ မင်းအောင်က မိဘရပ်ထံသို့ ၂ ရက်၊ ၃ ရက်ပြန်သွားပြီးနောက် ရန်ကုန်သို့ ပြန်ရောက်လာပြန်၏။

တစ်နေ့သ၌ မခင်ချစ်သည် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ခေါင်းအုံးဇာထိုးနေ၏။ ထိုအခိုက် မင်းအောင်အနားသို့ရောက်လာက...

"ဒါထက် မခင်ချစ်... ကိုကျော်ဦးအကြောင်း ဘာများကြားသေးသလဲ"

"ဟင့်အင်း... မကြားပါလား။ ရှင် ဘာများကြားသလဲ၊ သူဘယ်မှာ နေတယ်ဆိုတာ သိပြီလား။ သူ ခုဘယ်မှာလဲ"

မခင်ချစ်၏မျက်နှာကား အထူးရွှင်ပျနေ၏။ သူသိလိုသောအကြောင်း သိရပြီဟု နားတစွင့်စွင့် ဖြစ်နေရှာ၏။ မင်းအောင်က ပြုံးလျက်...

"ကျွန်တော် ဘိလပ်မသွားခင်က စာတစ်စောင်ရတယ်... သူ ယိုးဒယား ရောက်နေပြီ။ ဗမာပြည် မုန်းလွန်းလို့တဲ့။ သူဗမာပြည် ဘယ်တော့မှ ပြန်မလာ တော့ဘူးတဲ့။ ဒီလူက လူတစ်မျိုးဗျာ၊ ထင်ရာစွတ်လုပ်တတ်တဲ့လူပဲ"

ထိုကဲ့သို့ မျှော်လင့်ခြင်းကင်းမဲ့သောအသံကို ကြားလိုက်သောအခါ မခင်ချစ်၏ နှုတ်ခမ်းကလေးသည် ဖြူဖပ်ဖြူရော်ဖြစ်၍ သွား၏။ လက်က ဇာထိုးအပ် လွတ်ကျသွား၏။ တစ်ယောက်နှင့်တစ်ယောက် ကတိထားပြီး ဖြစ်က တာဝတိံသာတက်နေသော်လည်း တစ်နေ့ပြန်လာရမည်ဟု မျှော်လင့် ဖွယ်ရှိသေး၏။ ယခုကား ဘာကတိမျှမရှိ။ မျက်စိချစ် ချစ်ခဲ့ရုံမှအပ ကျော်ဦး တွင် ဘယ်လိုမျှစိတ်မထားသည်ကို သိသာနိုင်၏။ မခင်ချစ်မှာ အတန်ကြာ မလှုပ်မယှက်ဖြစ်နေ၏။

"ကျွန်တော်တော့ ခင်ဗျားကို သိပ်အံ့ဩတာပဲ... မတင်မြ မေးကြည့် တော့လည်း ကိုကျော်ဦးနဲ့ခင်ဗျား သမီးရည်းစား မဟုတ်ဘူးတဲ့"

"ဘာပဲဖြစ်ဖြစ်... ကျွန်မ သူ့ကို ဘယ်တော့မှ မမေ့နိုင်ဘူးရှင့်"

မခင်ချစ်သည် အခြားလူတစ်ယောက်ဆိုလျှင် ထိုကဲ့သို့ ပြောမိမည် မဟုတ်ချေ။ မိမိအား ပိုးပန်းနေသူမှန်း သိသဖြင့် အရွဲ့တိုက်ပြောလိုက်ခြင်း ဖြစ်၏။ မခင်ချစ်သည် နေရာမှ ရုတ်တရက်ဆိုသလို ထ၍သွားရာ မင်းအောင် မှာ အံ့အားသင့်ကာ ကျန်ရစ်လေ၏။ မခင်ချစ်မှာ သူ၏အိပ်ခန်းထဲသို့ ဝင် သွားပြီးလျှင် စားပွဲအံဆွဲတစ်ခုကိုဖွင့်ကာ မဂ္ဂဇင်းကဖြတ်ထားသော ကျော်ဦး

mgyoe.com

mgyoe.com

၏ပုံကိုထုတ်၍ကြည့်၏။ ထိုပုံမှာ တစ်နေ့ဆယ်ကြိမ်မက ကြည့်ဖန်များခဲ့သဖြင့် ဟောင်းနွမ်းစုတ်ပြတ်လု ဖြစ်နေ၏။ "ကိုကျော်ဦး... ကိုကျော်ဦး" ဟု နှုတ်က တိုးတိုးခေါ်မိ၏။ တစ်ဖန် လမ်းသွားတဲ့လူ မထူးတော့ပါဘူးဟု ပုံကလေးကို ဆုတ်ချေပစ်လိုက်လေ၏။

တစ်ပတ်ခန့်ကြာသောအခါ၌ မခင်ချစ်မှာ အပူတစ်ခု တွေ့ရရှာလေ၏။ နံနက်အိပ်ရာက ၅ နာရီအချိန်ထ၍ ဘုရားရှိခိုး၊ ဖယောင်း ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူ၍အပြီး သိန်းထွန်း၏အသံဖြင့်...

"မခင်ချစ်... မတင်မြတစ်ယောက်ကော..." ဟု မေးလိုက်လေ၏။ မီးပွင့်များ လင်းထိန်လျက်နေရာ "ဟော... တွေ့ပြီ မခင်ချစ်" ဟု ထပ်မံအော်ပြန်၏။

*ကိုသိန်းထွန်း...*

*ရှင်နဲ့ကျွန်မ သဘောချင်း မတူညီတာတော့ ကြာလှပြီ။ ကျွန်မ ၃ နှစ်တိုင် သည်းခံခဲ့တယ်။ ခုတော့ မနေနိုင်ဘူး၊ ကျွန်မ ဆင်းပြေးရပြီ။ ဒါပေမဲ့ တလွဲမထင်နဲ့... ကျွန်မစိတ်ထဲ ယောကျ်ား မှန်သမျှ မုန်းပြီ။ ဘယ်ယောကျ်ားမှ နောက်ထပ်ယူတော့မှာ မဟုတ်ပါဘူး။*

*မတင်မြ*

*ချစ်လှစွာသော မမ...*

*မမကို မခွဲနိုင်လို့ နောက်ထပ် ၃–၄ လကြာအောင် နေခဲ့၏။ မမကို တိုင်ပင်လျှင် မမကန့်ကွက်မှာမို့ ရုတ်တရက် ထွက်ပြေးသွားရခြင်း ဖြစ်ပါသည်။ မမအတွက် မျက်ရည်များ ပင် ကျပါသည်။ ဒီညီအစ်မ နှစ်ယောက် ရှိတယ်... စိတ်ပျော်ရွှင်စွာ မနေရဘူး။ အကြောင်းရင်း ကို မမ သိပြီမို့ ညီမလေးအား ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။*

*ညီမ မတင်မြ*

ထိုစာနှစ်စောင်လုံးမှာ သိန်းထွန်း၏အိပ်ရာဘေးရှိ စားပွဲပေါ်မှ ရရှိခြင်း

mgyoe.com

mgyoe.com

ဖြစ်ရာ မခင်ချစ်မှာ "မိုက်ပါဘိ ညီမရယ်" ဟု မျက်ရည်များ ကျဆင်းရှာလေ၏ ။

"ဘယ့်နှယ်လုပ်မလဲ ကိုသိန်းထွန်း... သူဘယ်ဆီသွားတတ်သလဲ"

"သူ့တရား သူစီရင်သွားတာပဲ။ လိုက်ရှာနေရင်လည်း အပိုပေါ့ မခင်ချစ်... သူကွာချင်တယ်ဆိုရင်လည်း ကျေကျေနပ်နပ် ကွာပေးရမှာပေါ့"

"ကျွန်မဖြင့် လုံးလုံးစိတ်မကောင်းပါဘူးရှင်... ရှေ့တွင်မို့ပြောတာ မဟုတ်ပါဘူး၊ ကိုသိန်းထွန်းလိုလူရတာ သူကံကောင်းပါတယ်။ ဒါပေမဲ့..."

"သူ မဆိုးဘူး မခင်ချစ်... သူ ကျွန်တော့်အပေါ်မှာ အလွန်ကောင်းတဲ့ မိန်းမ၊ ကျွန်တော် သူ့ကို ချစ်တယ်၊ အခု သူမရှိတော့ အားကစားကိုသာ အဖော်လုပ်ရမှာပဲ။ သူ့မှာ အပြစ်မရှိပါဘူး၊ သူ မနေနိုင်တော့လို့ သွားတာဟာ သွားပေစေလေ..."

မခင်ချစ်ကား ကိုသိန်းထွန်းအိမ်ကလွဲ၍ အခြားတွင် နေစရာမရှိ၊ ညီမ ရှိလျှင်ကား တော်သေး၏။ ညီမ မရှိလျှင် မည်သို့နေနိုင်မည်နည်း။ အခြားသို့ သွားစရာ မိတ်ဆွေကောင်း၊ နေရာကောင်း မရှိ။

"ကျွန်တော် ဒီအိမ်မှာ မနေတော့ဘူး။ သူနဲ့အတူတူနေလာတဲ့အိမ်၊ သူ မရှိရင် နေလို့ဖြစ်ပါဦးမလား။ အိမ်ထောင်ပစ္စည်းတွေ တခြားရောင်းပြီး ပြောင်းနေတော့မယ်လို့ စိတ်ကူးတယ်။ မခင်ချစ်ကော ဘယ်လိုနေမလဲ"

မခင်ချစ်ကား မိမိနေရေးထိုင်ရေးအတွက် ဘာမျှမစဉ်းစားတတ်၊ မကြံတတ်ချေ။ သိန်းထွန်း၏မျက်နှာကို မော့ကြည့်ကာ...

"ကျွန်မလည်း ဘယ်လိုကြံဖန်နေရမယ်ဆိုတာ မသိတတ်တော့ဘူး"

ထိုကဲ့သို့ မရီးနှင့်မတ် စကားပြောနေကြခိုက် အိပ်ရာက နေမြင့်မှ ထလေ့ရှိသော မင်းအောင်သည် အိပ်ရာမှ ကယောင်ကတမ်းထလာကာ အကျိုးအကြောင်းကို မေးမြန်းလေ၏ ။ မောင်သိန်းထွန်းကလည်း မတင်မြ ထွက်ပြေးပုံကို အစအဆုံး ပြောလေ၏ ။ မင်းအောင် ဤအိမ်၌ တည်းခိုနေရ ခြင်းသည် မခင်ချစ်အား အရကြံရန်အတွက် ဖြစ်၏ ။ အကယ်၍ သိန်းထွန်း က အိမ်ကြီးကို ပိုင်ရှင်လက်ထဲအပ်သွားက မခင်ချစ်အတွက် အခက်ကြုံမည်၊ မိမိနှင့် ဝေးချင်ဝေးမည်ဟု...

"ဒီလောက်လည်း ပူမနေပါနဲ့ မခင်ချစ်ရာ... ခင်ဗျားလူ အိမ်ကြီး

mgyoe.com

mgyoe.com

အပ်ချင်ပေမဲ့ ချက်ချင်း မအပ်နိုင်သေးပါဘူး။ ပစ္စည်းတွေလည်း ချက်ချင်း ရောင်းလို့ဖြစ်တာ မဟုတ်ဘူး။ အချိန်ရပါသေးတယ်"

"ကျွန်တော်ကလည်း အကြောင်းလောက်သာ ပြောတာပါ။ ချက်ချင်း လုပ်ဖြစ်တယ်လို့ မပြောပါဘူး။ ဒါပေမဲ့ သူမရှိတဲ့အိမ်မှာ တယ်ပြီး မနေချင်ဘူး။ ဟော့... စံထူး၊ ကော်ဖီမြန်မြန်ဖျော်ဟော့"

မင်းအောင်သည် မျက်နှာသွားသစ်၏။ ခဏကြာလျှင် သုံးပွင့်ဆိုင် ကော်ဖီသောက်ကြပြီးနောက် ကိုသိန်းထွန်းသည် နေရာမှ ထလေ၏။

"၈ နာရီအတွင်း ကစားရတာ သိပ်ကောင်းတာပဲ။ စံထူးရေ... ဂေါက်သီးအိတ်ပြင်ဟော့"ဟုပြောကာ ကားကလေးနှင့် ထွက်ခွာသွားလေ၏။

သိန်းထွန်း ထွက်သွားပြီးနောက် မင်းအောင်သည် မခင်ချစ်ကို ကြည့်ကာ... "မခင်ချစ်... ကျွန်တော်တော့ ဖြည်းဖြည်းဆေးဆေး အလုပ်လုပ် မလို့ပဲ။ အခုတော့ မဖြစ်တော့ဘူး။ မြန်မြန်ပြောရတော့မယ်။ မခင်ချစ်မှာ မတ်နဲ့လည်း နေချင်မှာမဟုတ်၊ ဒီပြင် ရင်းနှီးသူလည်းမရှိဘူးဆိုရင် ကျွန်တော့် မေတ္တာကို လက်ခံပါ။ ကျွန်တော်ဟာ မတင်မြ မင်္ဂလာဆောင်ကတည်းက မခင်ချစ်ကို ဘယ်လောက်စွဲလမ်းနေတယ်ဆိုတာ မခင်ချစ် သိလောက်ပါပြီ"

မခင်ချစ်ကား မင်းအောင်အား လက်ထပ်သည့်အခြေထိ ချစ်နိုင်သော စိတ်ထားမရှိချေ။ သို့ရာတွင် ခိုကိုးရာဟူ၍ ရင်းချာသော ဆွေမျိုးမရှိ၊ သိန်းထွန်းနှင့်လည်း ဘယ်နည်းနှင့်မျှ နေမဖြစ်ချေ။ မင်းအောင်မှာ ငြင်းပယ် စရာလူ မဟုတ်၊ ဘီလပ်ပြန်လူတစ်ယောက်ဖြစ်၍ အစိုးရဘက်တွင် မကြာမီ ဝင်ရောက် လုပ်ကိုင်ရမည့်သူဖြစ်၏။ မိမိညီမအား ညည်းမချစ်ဘဲနဲ့ မယူ နှင့်ဟု ပြောဖူး၏။ မိမိအဖို့ အားကိုးမရှိ၍ ယူလိုက်လျှင် နောင်အခါ ဘယ်သို့ ဖြစ်မည် မပြောနိုင်။ တစ်သက်လုံး မျှော်လင့်ခဲ့သော ကျော်ဦးသည်လည်း ဆုံးခန်းတိုင်နေချေပြီ။

"အို... ဘာငေးနေတာလဲ မခင်ချစ်... တစ်ဆိတ်သိပါရစေတော့လား ခင်ဗျာ"

"ကဲရှင်... များများ မဟုတ်ဘူး၊ တစ်ရက်တည်း အချိန်ပေးပါ။ ကျွန်မ စဉ်းစားပါရစေ။ ကိုသိန်းထွန်းလည်း ချက်ချင်းရွှေ့ပြောင်းနိုင်တာမှ မဟုတ်ဘဲ"

"ကောင်းပြီ... မခင်ချစ် သဘောပါပဲ။ တစ်ရက်သာ မပိုပါစေနဲ့"

mgyoe.com

mgyoe.com

မခင်ချစ်ကား တွေတွေကြီးစဉ်းစားနေ၏။ ကျော်ဦး ယိုးဒယားသွား နေတာ တစ်သက်လုံးမလာဘူးလို့ ဖြစ်နိုင်မလား… သူများလာနေရင် မခက် ဘူးလားဟူသောအမေးသည် မခင်ချစ်၏စိတ်ထဲတွင် ရှုပ်ပွေနေ၏။ စိုင်သေ ပစ်ပြီး စိုင်ရှင် ရှာရသောအလုပ်ကိုလည်း သူနားလည်ပြီး ဖြစ်၏။ မင်းအောင် ကား မခင်ချစ်အနားမှ ထွက်ခွာသွားကာ ရောက်လာသော သတင်းစာကို ဖတ်ရှုနေ၏။

နောက်တစ်နေ့ဌကား မခင်ချစ်သည် သူ့ကိုယ်သူ ဆုံးဖြတ်ပြီးဖြစ် လေ၏။ မင်းအောင်မှာလည်း အလစ်ချောင်းနေသူဖြစ်လေရာ ၂၄ နာရီပြည့် သည်နှင့်တစ်ပြိုင်နက် မခင်ချစ်အနီးသို့ ကပ်လာလေ၏။

"ကဲ မခင်ချစ်… ၂၄ နာရီကို ၂၄ ရက်လောက်ထင်ပြီး စောင့်ခဲ့ရတယ်"

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ။ ကျွန်မ သဘောတူပါတော့မယ်"

မခင်ချစ်သည် သူ့စကားနှင့်သူ ရှက်စနိုးသဖြင့် ခေါင်းငုံ့သွားလေ ၏။ မင်းအောင်သည် မခင်ချစ်၏ လက်ကလေးတစ်ဖက်ကို ဆွဲကိုင်က…

"ဝမ်းသာလိုက်တာအချစ်ရယ်… သိန်းထီပေါက်တာတောင် ဒီလောက် ဝမ်းသာမယ် မဟုတ်ပါဘူး။ တကယ်ပြောတာပါ"

မင်းအောင်၏နှာခေါင်းသည် အချစ်တံဆိပ် ခတ်နိုပ်လိုသောအသွင် ဆောင်နေ၏။ သို့ရာတွင် မခင်ချစ်သည် သူ၏လက်ကို ညင်သာစွာ ရုပ်သိမ်း လျက် မင်းအောင်အား မော့ကြည့်ပြီး…

"လက်ထပ်မပြီးခင် စိတ်ကိုထိန်းစေချင်ပါတယ်"

"ဘယ့်နှယ်လဲအချစ်ရယ်… ကိုမင်းအောင်ကို ချစ်တယ် မဟုတ်လား"

"ကျွန်မ ချစ်တယ်လို့လည်း မပြောနိုင်ဘူး။ ကျွန်မကံဟာ ကျွန်မကို ဆွဲဆောင်နေတဲ့အတိုင်း လိုက်ပါနေရတယ်လို့ ထင်ပါတယ်"

"အို… မခင်ချစ် ချစ်တာ မချစ်တာ ပဓာန မဟုတ်ပါဘူး။ ကိုယ်ချစ် ရှာရမတဲ့… ကိုမင်းအောင်ချစ်ရင် ပြီးတာပါပဲ။ မခင်ချစ် သဘောတူရင် ၃– ၄ ရက်အတွင်း လက်ထပ်ဖို့ စီစဉ်ချင်တာပါပဲ"

"ကျွန်မလည်း သဘောတူပါတယ်။ ဒါပေမဲ့ ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးချမ်းချမ်း ပရိသတ် ၃–၄၀ ထက်မပိုဘဲ စီမံဖို့ တောင်းပန်ချင်တာပဲ"

"ကိစ္စမရှိဘူးလေ။ ကိုသိန်းထွန်း မပြောင်းခင် ဒီအိမ်မှာပဲ ရင်းနှီးတဲ့

mgyoe.com

mgyoe.com


မိတ်ဆွေတွေဖိတ်ပြီး လက်ထပ်ဖို့ စီမံပါ့မယ်။ ကိုမင်းအောင်ရဲ့ မိဘများတော့ လာနိုင်မလား မဆိုနိုင်ဘူး"

"မလိုပါဘူး။ မလာချင်လည်း နေကြပါစေ။ လက်ထပ်တဲ့ကိစ္စပြီး တာသာ ပဓာနပါ"

မင်းအောင်ကား မခင်ချစ်အား အသေအချာချစ်၏။ အသေအချာ လက်ထပ်မည်လည်း ဖြစ်၏။ မိဘနှစ်ပါးသဘောမတူစေကာမူ နောက်ဆုတ် မည်မဟုတ်။ မခင်ချစ်က သဘောတူလိုက်သောအခါ မိမိဘေးဆီးရန်ကာ မိဘအတွက် မသေမချာပြောမိသည်ကို ဝမ်းသာနေ၏။

ညနေအချိန်၌ကား ဂေါက်သီးကစားပြန်လာသော သိန်းထွန်းအား မင်းအောင်သည် မိမိတို့အကြောင်းကို ပြောပြလေ၏။

"ဟာ... ခင်ဗျား ကံထူးတာပဲ။ ကျွန်တော့ မရိုးပဲ၊ မာနကြီးတယ်။ ထူးလည်း အတော်ထူးတဲ့ မိန်းမဗျာ။ ဒီပြင် မိန်းမတွေလို မဟုတ်ဘူး"

"ကျွန်တော်လည်း သိပါတယ်။ ဒါထက် ကိုသိန်းထွန်း... လူ ၃– ၄၀ လောက်ဖိတ်ဖို့ စီမံပေးပါ။ ကျွန်တော်တော့ ဒီအိမ်မှာလုပ်ချင်တယ်။ အိမ်တော့ ကနေ့စာရေးရမှာပဲ။ မလာချင်နေ၊ သဘောမတူရင် ဖွတ်ယူမှာပဲဗျာ"

"လူကြီးတွေ မလိုပါဘူးဗျာ။ ကြိုက်တာယူပေါ့၊ ဟုတ်လား။ တစ်ခု ပဲ သတိပေးချင်ကာက မတင်မြဟာ အလွန်ရိုး၊ အလွန်တော်တဲ့မိန်းမ... ဒါပေမဲ့ ၃ နှစ်ကြာတော့ ကျွန်တော့် ပစ်ပြေးတယ်"

"ဒါကတော့ ခင်ဗျာ့အပြစ်ပါ။ နုနုနယ်နယ် ငယ်ရွယ်တဲ့မိန်းမ တစ်ယောက်ကို အားကစားလောက်မှ ဂရုမစိုက်ဘဲဟာ"

"အေးဗျာ... ခင်ဗျားတို့သာ ရာသက်ပန်မြဲပါစေလို့ ဆုတောင်းပါတယ်" ထိုအခိုက် အလယ်ခန်းမှ မခင်ချစ် ထွက်လာသဖြင့် စကားစပြတ် သွားကြ၏။

"ကိုသိန်းထွန်းလည်း ကိုမင်းအောင် ပြောလို့ သိရောပေါ့"

"ဟုတ်ကဲ့၊ သိတာပေါ့။ ကျွန်တော်အချစ်ဆုံး၊ ကျွန်တော်သဘော အတူဆုံး လူတစ်ယောက်ဖြစ်တာမို့ ဝမ်းလည်းသာပါတယ် မခင်ချစ်"

မကြာမီ ၃ ဦးသားတို့သည် ညစာထမင်းစားပွဲတွင် ၃ ပွင့်ဆိုင်ထိုင် ကာ စားသောက်ကြလေ၏။

လက်မထပ်ခင်တစ်ရက်၌ မင်းအောင်၏ လက်ထပ်ပွဲအတွက် ခုတင်၊

mgyoe.com

mgyoe.com


ခြင်ထောင်နှင့် အခြားပစ္စည်းများပါ ရောက်ရှိနေ၏။ ဖိတ်တန်သမျှလူများ ကိုလည်း ဖိတ်မံထားပြီး ဖြစ်လေ၏။ မင်းအောင်ကား တစ်နေ့လုံးလိုလို မြို့လယ်သို့သွား၍ 'ဆန်းကာဖေး' နှင့် အစားအသောက် စီစဉ်ခြင်း၊ အသင့် အတင့်အတီးအမှုတ် ပါလိုသဖြင့် အောဝမ်းအဖွဲ့အား သွားရောက်ပြောဆိုခြင်း ဖြင့် အလုပ်ရှုပ်နေ၏။ ညနေ ၄ နာရီလောက်မှ သိန်းထွန်း ကားကလေးကို ကိုယ်တိုင်မောင်းကာ ပြန်လာခဲ့၏။ မခင်ချစ်ကား ခုတင်နှင့် ခြင်ထောင်ကို ကြည့်ကာ ရင်ဖိုနေ၏။

"ဒါထက် အချစ်ရေ... အချစ်တစ်သက်လုံး မျှော်လင့်နေတဲ့ လူ တစ်ယောက် မမျှော်လင့်ဘဲနဲ့ ပန်းဆိုးတန်းမှာ တွေ့ခဲ့ပကော"

"ဘယ်သူလဲ၊ ဘယ်သူလဲ... ကိုမင်းအောင်"

မခင်ချစ်၏ရင်ကလေးကား ဖို၍နေ၏။ မင်းအောင်၏စကားဆုံး လျှင်ဆုံးချင်း ထိုသူကား ကျော်ဦး ဖြစ်ရမည်ဟု သိပြီး ဖြစ်၏။ အသက်ရှူ ရပ်သွားသကဲ့သို့ မင်းအောင်၏မျက်နှာကို ကြည့်ကာ နားစွင့်နေရှာ၏။

"ကိုကျော်ဦးလေ... အခုတော့ ယိုးဒယားကို မှန်းလာပြန်ပြီတဲ့။ ငွေများ လည်း တော်တော်စုမိလာတဲ့ လက္ခဏာပဲ... အဝတ်အစား ပြောင်ပြောင် လက်လက် သားသားနားနားပဲ။ ကိုမင်းအောင်လည်း မင်္ဂလာဆောင်မယ့် အကြောင်း ပြောပြတယ်။ သူ့ကိုဖိတ်တော့ မလာပါရစေနဲ့တဲ့၊ ရိုစီခင်ချစ် မဟုတ်လားလို့ တစ်ခွန်းတည်းမေးပြီး ခေါင်းအတွင်ယမ်းနေတာပဲ။ အလွန် ချစ်တဲ့သူငယ်ချင်းမို့ မရမက ဖိတ်တော့မှ ဒါဖြင့်လည်း လာခဲ့ပါမယ်လေလို့ လေးလေးကြီး ဝန်ခံတယ်"

"အို... ဘာလို့ဖိတ်ခဲ့တာလဲ၊ ရှင် မှားတာပဲ။ ဒါဟာ အလွန်မှားတာပဲ"

ကိုမင်းအောင်သည် မခင်ချစ်အား အံ့သြစွာကြည့်ရှုရင်း...

"အို... ဘာပြုလို့လဲ မခင်ချစ်... သူလာတာ မနှစ်သက်ဘူးလား။ သူနဲ့ မခင်ချစ် ဘာမှမဖြစ်တာ ကျုပ်သေသေချာချာသိလို့ ကိစ္စမရှိဘူးထင်ပြီး ဖိတ်ခဲ့မိတာပါ။ ဒီလိုဆိုရင် မလာနဲ့တော့လို့ ပြောလိုက်ပါ့မယ်"

မခင်ချစ်သည် မျက်နှာကို အနိုင်နိုင်ပြုံးလိုက်ကာ "အို... ဖိတ်ပြီးမှတော့ လာပါစေ... ကျွန်မ အမှတ်တမဲ့ ပြောမိတာပါ။ စိတ်မရှိပါနဲ့ ကိုမင်းအောင်... လာပေစေလား၊ ဘာဖြစ်သေးသလဲ"

mgyoe.com

mgyoe.com

"ဟေးဆရာ… လာဦး။ ဟောဒီမယ် အိုင်စီအက်(စ်) ကိုထွေးဆီက လက်ဆောင်" ဟု သိန်းထွန်းက လှမ်းခေါ်လိုက်သဖြင့် မင်းအောင်သည် မခင်ချစ်နှင့် စကားဖြတ်ကာ အပြင်ဧည့်ခန်းသို့ ထွက်သွားလေ၏။

ထိုနေ့ညကား လရောင်သည် အထူးကြည်လင်နေ၏။ အိမ်တစ်အိမ်မှ ပြတင်းတစ်ခုတွင် လရောင်၏ကြည်နူးခြင်းနှင့် လမင်းကို မော့ကြည့်နေသူမှာ မခင်ချစ် ဖြစ်၏။ အချစ်သည်ကား ငုပ်ကောင်ဖြစ်၏။ မကြာမကြာလည်း ပေါ်လာတတ်၏။ ငုပ်နေသောအချစ် တစ်ဖန်ပြန်၍ ပေါ်လာသောအခါ ပူပူနွေးနွေးကိစ္စများကို ဖုံးလွှမ်းသွားတတ်၏။

ကျော်ဦး ဟူသောအသံကို ကြားသည်နှင့်တစ်ပြိုင်နက် မိမိတို့လက်ထပ်ဖို့ကိစ္စကို မေ့မတတ်ဖြစ်သွား၏။ ရှိစီခင်ချစ်လား၊ မလာချင်ပါဘူးဟု ကျော်ဦး ငြင်းဆန်ခြင်းသည် အဓိပ္ပာယ်များစွာရှိ၏။ ကျော်ဦးသည် မိမိအား မစွဲမလမ်းနေခဲ့သည်မဟုတ်ဟူသော သဘောများ သက်ဝင်နေ၏။ စိတ်ထဲက တကယ်ချစ်သောသူရှေ့၌ အခြားတစ်ယောက်နှင့် ပြောင်ပြောင်ချစ်ပြရသောအလုပ်မှာ အချစ်စစ်အချစ်မှန်ရှိသူတိုင်း ဝန်လေးသော အလုပ်ဖြစ်၏။ သူ မနက်ဖြန်လာရင် ငါနဲ့ ကိုမင်းအောင် တွဲနေတာမြင်ရက ဘယ်လိုဖြစ်သွားရှာမလဲ။ ငါကော သူ့ကိုကြည့်ရဲပါဦးမလား… မခင်ချစ်၏ မျက်လုံးအိမ်ကား စို၍နေ၏။ မိမိတစ်ကိုယ်တည်းနေသော အခန်းကို လုံခြုံစွာ ပိတ်ပြီးမှ ပြတင်းတွင် အတွေးချဲ့နေ၏။ နက်ဖြန် 'အိုရချည်သေးရဲ့' ဟု မင်းအောင်ပျော်သလောက် မခင်ချစ် စိတ်ညစ်နေရှာ၏။

အခု လက်ထပ်လို့ မဖြစ်ပါဘူးလေဟု သူ့ကိုယ်သူ ပြောမိ၏။ ကတိသစ္စာတည်သည်ဟု နာမည်ကြီးခဲ့သမျှ သည်တစ်ခါမတည်လျှင် မတ်ဖြစ်သူသိန်းထွန်းပါ မျက်မှန်းကျိုးမည်၊ ပရိသတ် အထင်သေးမည်၊ သို့ရာတွင် မိမိ၏တစ်သက်လုံး စိတ်ချမ်းသာရေးနှင့် ဤအရေးသည် မည်သည်ကကြီးလေသနည်း… မခင်ချစ်ကား အထပ်ထပ် စဉ်းစားနေတော့၏။ နောက်ဆုံး၌ မိမိ၏အသည်းနှလုံး ပူဆွေးခြင်း၏ဒဏ်ကို မခံနိုင်သဖြင့် တစ်စုံတစ်ရာပြုလုပ်ရန် ဆုံးဖြတ်ချက်ချကာ အိပ်ရာထဲသို့ ဝင်လေတော့၏။

နောက်တစ်နေ့ ၇ နာရီခန့်၌ ပျာယာခတ်နေသူနှစ်ဦးကား သိန်းထွန်းနှင့် မင်းအောင် ဖြစ်၏။ နှစ်ယောက်စလုံး၏မျက်နှာမှာ ရှက်သွေးတွေလျှမ်း

mgyoe.com

mgyoe.com


နေ၏။ မခင်ချစ်ကား မရှိတော့ပြီ။ သူ့ပစ္စည်း လက်ဆွဲသားရေသေတ္တာတစ်ခု မှအပ ဘာမျှပါမသွား၊ စားပွဲပေါ်တွင် စာနှစ်စောင်ရေးခဲ့၏။

*ကိုသိန်းထွန်း ...*

*ကျွန်မ ဒီလိုဒုက္ခပေးခဲ့သည့်အတွက် တောင်းပန်ပါသည်။ ကျွန်မကို စိတ်မရှိပါနှင့်။ ကျွန်မ အမှန်ပြောရလျှင် ကိုမင်းအောင်ကို လက်ထပ်လောက်အောင် မချစ်ပါ။ ခိုကိုးရာမဲ့ဘဝမို့ သဘောတူခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မ တစ်ညလုံး စဉ်းစားသောအခါ လက်ထပ်မဖြစ်သည့် အကြောင်းများသာ တွေးလို့ရသဖြင့် ယခုကဲ့သို့ ထွက်ပြေးသွားခြင်း ဖြစ်ပါသည်။ ဘယ်ရယ်လို့ ရည်ရွယ်ချက် မရှိ၊ ဘယ်ရောက်မည် မသိပါ။*

**မခင်ချစ်**

*ကိုမင်းအောင် ...*

*ကျွန်မကို ရှင်အထင်သေးမလား မသိ၊ ရာခိုင်နှုန်းအပြည့် စိတ်မချမ်းမသာဖြစ်မည်ကို သေချာစွာ တွေးမိသောအခါ ၅ ရာခိုင်နှုန်းမျှ မချမ်းသာတာကို ဂရုမစိုက်နိုင်တော့ပါ။ ကျွန်မသည် သူတစ်ထူးကို မလှည့်စားလိုပါ။ ကျွန်မမေတ္တာဟာ လက်ထပ်သည်အထိမရှိဘဲ ဇွတ်မှိတ်လိုက်က နောင်ဆည်မရသောအမှားကို တွေးမြင်မိသဖြင့် ဝမ်းနည်းစွာနှင့် ထွက်ခွာသွားရခြင်း ဖြစ်ပါသည်။*

**မခင်ချစ်**

"ကိုင်း... ကျွန်တော် မပြောလား၊ မိန်းမတစ်မျိုးပါလို့။ ကျွန်တော့်ထက် ခင်ဗျားက တော်ပါသေးတယ်။ ကျွန်တော့်မှာ ၃ နှစ်ပေါင်းပြီးမှ ထွက်ပြေးသွားတာ"

"အို... ဘာတော်ရမလဲဗျ။ ဖိတ်ထားတဲ့လူတွေ ဘယ်လိုလုပ်ပြောရမလဲ"

mgyoe.com

mgyoe.com


"အကြောင်းမညီညွတ်လို့ လက်မထပ်ဖြစ်ကြောင်း၊ ဒါပေမဲ့ ဧည့်ခံကျွေးမွေးမယ့်အကြောင်း ပြောပြီး တော်သလို ကြည့်လုပ်ကြတာပေါ့ဗျာ"

ကိုမင်းအောင်ကား မျောက်မီးခဲ ကိုင်မိသကဲ့သို့ အငြိမ်မနေနိုင်၊ ငိုမဲ့မဲ့ကြီးဖြစ်သွားလျက် အိမ်ခန်းအတွင်း လမ်းသလားလိုက်၊ ညည်းတွားလိုက်ဖြင့် ဒေါင်းတောက်အောင် ဖြစ်၍နေလေတော့၏။

မခင်ချစ်ကား ၅ နာရီသာသာတွင် ထွက်ခဲ့ခြင်းဖြစ်ရာ ရေကျော်လမ်းထိပ်က လန်ခြားတစ်စီးခေါ်လျက် မောင်ဂိုမာရီလမ်းတစ်လျှောက်မှ အနောက်သို့ ပြေးစေ၏။ သူ့၌ ဘယ်သွားဖို့မျှ ရည်ရွယ်ချက်မရှိ၊ ဘယ်သွားရမည်လည်း မသိပေ။ ပန်းဆိုးတန်းထိပ်ရောက်သောအခါ ဒါလဟိုဇီလမ်းထိပ်အရောက် ကုလားအား ပြေးစေ၏။ ထိုမှတစ်ဖန် မောင်ဂိုမာရီလမ်းထိအောင်ပြန်ပြေးစေ၏။ မင်းအောင်သည် ကျော်ဦးအား ပန်းဆိုးတန်းတွင် တွေ့ခဲ့သည်ဟု ပြော၏။ ပန်းဆိုးတန်းတွင် တွေ့သည်ဆိုသော စကားမှာ ပန်းဆိုးတန်းတွင်နေသည်ဟူသော အဓိပ္ပာယ်မဟုတ်။ အကယ်၍ ပန်းဆိုးတန်းတွင်နေသည်ဖြစ်ဦးတော့၊ တိုက်နံပါတ်မသိက ရှာတွေ့မည် မဟုတ်။ ကျော်ဦးအားရှာတွေ့စေကာလည်း 'မသေလို့တွေ့ရ မေ့နိုင်ပါ့မလား' ဟု ဖက်ငိုရလောက်အောင် ရည်းစားဟောင်းလည်း မဟုတ်။ 'ငါရှုံးပြီ' ဟု တိုးတိုးညည်းတွားကာကာကာဆိုင်တစ်ဆိုင်တွင်ဝင်၍ ကိုကိုးတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်တစ်ခုမှာယူကာ စားသောက်ရင်း ခရီးစဉ်ကို စဉ်းစားနေ၏။

အိမ်တွင် အပူကပ်နေသူများကား မခင်ချစ်အား လိုက်၍ရှာဖွေရန်စိတ်မကူးကြတော့ချေ။ အကယ်၍ လိုက်လံရှာဖွေတွေ့ရှိသော်လည်း သူမနှစ်သက်၍ ငြင်းဆန်က ဘာမျှမတတ်နိုင်သည်ကိုလည်း တွေးမိကြဟန်ရှိလေ၏။

*

## (၂)

မခင်ချစ်သည် လက်ဖက်ရည်ဆိုင်၌ထိုင်ရင်း သူ၏မိတ်ဆွေများကိုပြန်လှန်တွေးတောရာ မှော်ဘီရှိ သူငယ်ချင်းမတစ်ယောက်သည် သူနှင့်အရင်းနှီးဆုံး၊ သဘောလည်း အကောင်းဆုံးဖြစ်သဖြင့် ထိုသူငယ်ချင်းမထံ

mgyoe.com

mgyoe.com


သွားမည်ဟု နေရာမှထလေ၏။ လက်ပတ်နာရီကလေးကို ကြည့်လိုက်သော အခါ ၇ နာရီ ၁၅ မိနစ်ရှိနေပြီ ဖြစ်၏။ ပြည်လမ်းမီးရထားတစ်စင်းမှာ နံနက် ၈ နာရီမတ်တင်းတွင် ရန်ကုန်မှ ဟင်္သာတသို့ တောက်လျှောက်သွားမည်ဖြစ်၏။ ထိုရထားကို စဉ်းစားမိသောအခါ ခပ်သုတ်သုတ်ဘူတာကြီးဆီသို့ လျှောက်ခဲ့လေ၏။ ညာလက်ညောင်းသောကြောင့် လက်ဆွဲသားရေသေတ္တာကို ဘယ်လက်သို့ပြောင်း၍ဆွဲကိုင်ကာ ခုံးတံတားကြီးကို ကျော်လွန်ဆင်းလာလျက် ဒုတိယတန်း လက်မှတ်တစ်စောင်ယူပြီးလျှင် အသင့်ထိုးထားသော တွဲပေါ်သို့ တက်ထိုင်နေလေ၏။

ထိုမီးရထားတွဲသည် ဒုတိယတန်း၌ အမြဲလူချောင်၏။ တစ်ခါတစ်ရံ လူတစ်ယောက်မျှ မပါတတ်ချေ။ မခင်ချစ် တက်ထိုင်ချိန်၌ လူတစ်ယောက်မျှ မရှိ၊ တစ်ယောက်တည်း အေးဆေးငြိမ်ဆိမ်စွာ စဉ်းစားလိုက်ပါလိုသော မခင်ချစ် အတွက် စိတ်တိုင်းကျဖြစ်နေ၏။ ထောင့်တစ်နေရာ တံခါးတစ်ချပ်ပိတ်ကာ ခပ်ကွယ်ကွယ်တွင် ထိုင်နေ၏။ မီးရထားထွက်ရန် ပထမခေါင်းလောင်း ထိုးလေ၏။ ဒုတိယခေါင်းလောင်းထိုးသောအခါ အလျား ၇ လက်မခန့်ရှိ ဖိုင်ဘာလက်ဆွဲသေတ္တာကြီးသည် တံခါးဖွင့်ဝင်လာ၏။ ထို သေတ္တာနောက်မှ အရပ်မြင့်မြင့် ရင်ကျယ်ကျယ်နှင့် လူတစ်ယောက် ထက်ကြပ်ပါလာ၏။

မခင်ချစ်ကား မသိမသာငဲ့စောင်းကြည့်မိရာ အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် ရောနှောလျက် ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာသည် သွေးရောင်များ တိုးတက်လာသည်ဟု ထင်မှတ်ရလေ၏။ လုံးလုံးဘယ်နည်းနှင့်မျှ မမျှော်လင့်သော လူတစ်ယောက်ကား တက်၍လာချေပြီ။ ထိုသူကား မင်းအောင် မဟုတ်၊ မခင်ချစ် နှစ်ပေါင်းများစွာ စောင့်စားနေသော ကျော်ဦး ဖြစ်သောကြောင့်တည်း။

မီးခိုးရောင်ဘန်ကောက်လုံချည်ကွင်း၊ ရှပ်အဖြူ၊ မီးခိုးရောင်သက္ကလတ် အင်္ကျီ ဝတ်ဆင်ထား၏။ အဆင်ဆန်းမကြိုက်၊ တည်ကြည်ခံ့ညား ဣန္ဒြေရသော အဝတ်အထည်များကို မခင်ချစ် အထူးနှစ်သက်၏။ မီးရထားကား ထွက်စပြု၏။ ထိုသူသည် အပေါ်ဝတ်အင်္ကျီကို ချိတ်တွင် ချွတ်ချိတ်လိုက်ပြီး...

"ဒီက အေးမှာကြောက်သလား၊ ဖွင့်တော့မယ်နော်" ဟု မခင်ချစ်အား တောင်းပန်ကာ အမိုးရှိပန်ကာကို ဖွင့်ရန်ဟန်ပြင်လေ၏။

mgyoe.com

"ကိစ္စမရှိပါဘူး… ဖွင့်ပါ"

မခင်ချစ်သည် ထိုမျှစကားပြန်ပြောလိုက်ရသည်ကို အရသာရှိနေ၏။ သူသည် ဖုံခုံတွင်ထိုင်နေသော ကျော်ဦးအား မသိမသာ တိတ်တိတ်ခိုးကြည့်နေ၏။ ရုပ်ရည်အနည်းငယ်ပြောင်းသော်လည်း ကျောင်းသူဘဝက မျက်နှာချင်းဆိုင် အမြဲတွေ့ရသော ဟိုစဉ်က ကျော်ဦးကား ပျောက်ပျက်ခြင်းမရှိချေ။ ကျော်ဦးကသာ မိမိအား မှတ်မိ၊ မမှတ်မိ အကဲခတ်နေရာ ကျော်ဦးမှာ မှတ်မိပုံမရချေ။ ၁၅ နှစ်သမီး သီလရှင်လူထွက်လိုက ကွဲကွာသွားရာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။ သူ မမှတ်မိသည့်အတွက် အံ့သြစရာမဟုတ်၊ ဝမ်းနည်းဖွယ်မရှိဟု တွေးလေ၏။ မခင်ချစ်ကား နောက်ထပ် စကားဆက်ပြောလို၏။ သို့ရာတွင် ပြောရန်စကားကို ရှာ၍မတွေ့ချေ။

ကျော်ဦးကား စီးကရက်သံစည်ဘူးကို ဖွင့်ကာ စီးကရက်တစ်လိပ်နှတ်ယူပြီး မီးညှိရှူဖွာလေ၏။ မီးခိုးများ တွဲခန်းတစ်ခန်းလုံး လွှမ်းခြုံသွားရာ မခင်ချစ်သည် သူ့ဆီဝေ့ဝဲလာသော မီးခိုးများကို လက်ကလေးနှင့် ဖယ်ခါနေ၏။

"အို… ဆေးလိပ်မသောက်တတ်ဘူး မှတ်တယ်… အားနာစရာကြီး"

"မသောက်ပေမဲ့ ကိစ္စမရှိပါဘူး… သောက်သာ သောက်ပါ"

သိန်းထွန်းနှင့် မင်းအောင်တို့ကား မခင်ချစ်အနီးတွင် ဆေးလိပ်မသောက်ဝံ့ကြချေ။ မခင်ချစ်သည် မီးခိုးအနံ့ကို ရှူရလျှင် ငြီးစီစီဖြစ်လာ၏။ သို့ရာတွင် ယခုစီးကရက် ရှူဖွာသူကို အနူးအညွတ် ခွင့်လွှတ်မိ၏။

ကျော်ဦးသည် သူ၏ကျောဘက်ရှိ မှန်တံခါးကို ဖွင့်လိုက်ပြီး မီးခိုးများကို တွဲအပြင်ဘက်သို့ မှုတ်ထုတ်နေ၏။ သူ ဘယ်သွားမလို့ပါလိမ့်ဟု မခင်ချစ်သည် မေးလည်း မေးချင်၊ မေးလည်း မမေးဝံ့ချေ။ ရေညှိရောင်စူရတီအပျော့၊ ထွာဆိုင်ခန့်ရှိသော တင်ပါးလုံးကလေးနှင့် ပဒုမ္မာအင်္ကျီ၊ ဆံပင်နောက်တွဲ ဘီးကျော်ထုံးနှင့် မျက်လုံးကြည်လင်၍ ဆံယဉ်စကလေးများ နဖူးပေါ်ဝဲကာ လေကြောင့် လှုပ်ရှားနေသော မခင်ချစ်အား ကျော်ဦးသည်လည်း မကြာခဏ ကြည့်မိ၏။

"ဒီက… ဘယ်ကိုသွားမှာပါလိမ့်" ကျော်ဦးသည် စကားစမေးပြန်၏။

"မှော်ဘီကို…" မခင်ချစ်သည် အသံခပ်ပြတ်ပြတ်နှင့် မကြည့်ဘဲ

mgyoe.com

mgyoe.com


ပြောလိုက်၏။ ကျော်ဦးသည် ခေါက်လျက်ပါလာသော အင်္ဂလိပ်သတင်းစာ တစ်စောင်ကို ဖြန့်ကြည့်နေ၏။ သို့ရာတွင် စာလုံးများသည် အနက်စက်များလို ဖြစ်နေခြင်းဖြင့် စာကိုစိတ်မဝင်စားဘဲ တွေးချင်ရာတွေးနေသည်ကို ဖော်ပြလျက်ရှိ၏။ တစ်ဖန် သတင်းစာမှ မျက်နှာကို မခင်ချစ်ဘက်သို့ ဖော်လိုက်ပြီးလျှင်...

"ကျွန်တော် ယိုးဒယားသွားနေတာ အတော်ကြာပြီ။ ခင်ဗျားကို မြင်ဖူးသလိုလိုမှတ်လို့ ဘယ်မှာမြင်ဖူးတယ် တွေးမရဘူး"

"ကျွန်မတော့ ရှင့်ကို သိပါတယ်။ လွန်ခဲ့တဲ့ ၅ နှစ် ၆ နှစ်ကျော်က ရှင့်ပုံတွေ သတင်းစာ မဂ္ဂဇင်းထဲပါလို့... ကိုကျော်ဦးဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်... ကျွန်တော် ကျော်ဦးပါပဲ။ ခင်ဗျားနာမည်ကော မသိရဘူးလား"

မခင်ချစ်သည် ခေါင်းကို ညင်သာစွာခါလိုက်လျက်...

"ကျွန်မနာမည်သိချင်လို့ အပိုနေမှာပါရှင်။ ကျွန်မကို ရှင်သိတာမှ မဟုတ်ဘဲ"

"သည်းခံပါဗျာ။ နာမည်တိုက်ရိုက်မေးမိတာ အလွန်ရိုင်းရာကျပါတယ်။ ကျွန်တော်လည်း အမှတ်တမဲ့ မေးမိတာပါ"

"ယိုးဒယားအကြောင်း တစ်ဆိတ်လောက် ပြောပြရင် မှတ်သားရမှာပဲ"

မခင်ချစ်သည်ကား မည်သည့်ယောကျ်ားတစ်ဦးနှင့်မျှ ထိုကဲ့သို့ စကားပြောရန် ဆန္ဒမရှိခဲ့ဖူးချေ။ ယခုမူကား မိမိတစ်သက်လုံး စောင့်စားနေသူတစ်ဦးထံက မည်သည့်စကား ကြားရကြားရ အရသာတစ်မျိုးဟု ထင်နေရှာ၏။

"ကိုယ်မင်းကိုယ့်ချင်းနိုင်ငံဆိုတော့ ဗမာပြည်ထက် သာတာပေါ့ဗျာ။ ကိုယ်ပိုင်စစ်တပ်၊ စစ်သင်္ဘော၊ စစ်လေယာဉ်ပျံ၊ မသင်မနေရ မူလတန်းပညာတွေ၊ အို... ပြောလို့ကုန်နိုင်စရာ မရှိပါဘူး။ ဒီနေ့မနက် သတင်းဆိုးတစ်ခု ကြားခဲ့တော့ စကားတွေ တယ်မပြောချင်ပါဘူးဗျာ"

"ဘယ်လိုသတင်းဆိုးများ ကြားခဲ့လို့တုန်း"

"ကျွန်တော့်သူငယ်ချင်းတစ်ယောက် ကနေ့မင်္ဂလာဆောင်မယ် ဖိတ်ထားတာ၊ ကျွန်တော်ကလည်း တယ်မသွားချင်လို့ မနက်စောစော သူ့အိမ်

mgyoe.com

သွားပြီး မလာနိုင်တဲ့အကြောင်းပြောတော့ သူနဲ့လက်ထပ်မယ့် မိန်းကလေး ထွက်ပြေးသွားသတဲ့။ အတော်ဆိုးတဲ့ မိန်းမပေါ့ဗျာ... ကောင်းပြီကောင်းရက် ဆိုပြီးမှ သစ္စာဖောက်သွားတာပေါ့။ တစ်နည်းတော့လည်း ဟိုလူ ကံကောင်း တာပါပဲ။ ဘာပြုလို့လဲဆိုတော့ သူ့ညီမဆိုတာလည်း လင်နဲ့ ၃ နှစ်လောက် ပေါင်းပြီးမှ ထွက်ပြေးသွားသတဲ့။ သူလည်း ဒီအစားထဲက နေမှာပါပဲ"

မခင်ချစ်ကား ကျော်ဦး၏စကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် နှလုံးသွေးရပ်သွားသည်ဟု မှတ်ထင်လိုက်၏။ နှလုံးသားကလေးကို အပ်နှင့် ဆွလိုက်သကဲ့သို့ နာကျင်သွားရှာလေ၏။ မိမိ၏စိတ်၌ကား ကျော်ဦးကြောင့် ထွက်ပြေးလာ၏။ ကျော်ဦးသည် မိမိအား အဖိုးမတန်အောင် အပြစ်တင်နေ တော့၏။

"မိန်းကလေးဆိုးတာ ဟုတ်ချင်မှ ဟုတ်မှာပါရှင်... သူ့အကြောင်း လည်း ရှိချင်ရှိမှာပေါ့"

မခင်ချစ်သည် ငိုသံမပါအောင် မနည်းသတိထား ပြောရလေ၏။ ကျော်ဦးသည် မခင်ချစ်၏မျက်နှာကို ဆတ်ခနဲလှည့်ကြည့်ကာ...

"မိန်းမအကြောင်းတော့ ကောင်းကောင်းနားမလည်ဘူးဗျာ။ ဒါပေမဲ့ လက်ထပ်ပါ့မယ်ဆိုပြီး ထွက်ပြေးတာတော့ ကောင်းမယ် မထင်ပါဘူး"

"ဒီမိန်းမ ဘာ့ကြောင့်ထွက်ပြေးတယ်ဆိုတာ ရှင်ပြောနိုင်ပါ့မလား"

"မိန်းမဆိုတာ အခက်သား... ဒီလူနဲ့သဘောတူပြီး ဒီထက်ငွေပေါ တာများ စိတ်ကူးရပြန်တော့ ထွက်ပြေးချင်ပြေးမှာပေါ့"

"အို... မဟုတ်နိုင်ပါဘူး" မခင်ချစ်သည် အမှတ်တမဲ့ အော်ပြော မိလေ၏။

"ခင်ဗျားက ဟိုမိန်းမအတွက် ဘာဖြစ်လို့ ခုလိုငြင်းဆန်ပြောနေရ တာလဲ"

"မိန်းမချင်း ကိုယ်ချင်းစာတာပေါ့ရှင်... ကျွန်မတို့ဖြင့် ဒီသဘောမျိုး လုံးလုံး မရှိပါဘူး။ အဲဒါကြောင့် သူလည်း ဒီလိုဖြစ်တယ်လို့ ပြောမိတာပါ"

နှစ်ဦးစလုံးသည် စကားပြတ်သွား၏။ ကျော်ဦးသည် ပြတင်းပေါက်မှ လယ်ကွင်းများကို ကြည့်နေ၏။ မခင်ချစ်ကား ကျော်ဦး၏ ကျောပြင်ကျယ် ကြီးကို ကြည့်နေမိ၏။ အလင်းရောင်ဟပ်နေသော ကျော်ဦး၏နားရွက်ကား

mgyoe.com

mgyoe.com


ကြီးသည် နီနေ၏။ မေးရိုးသည် လေးထောင့်မကျတကျ ဘေးစောင်းမြင်နေရ၏။ မခင်ချစ်သည် ရိုစီခင်ချစ်ဖြစ်ကြောင်း ပြောလိုက်၏။ သို့ရာတွင် ကျော်ဦးသည် လွတ်လွတ်လပ်လပ် ဟုတ် မဟုတ် သိလိုသဖြင့် ငြိမ်ဆိတ်ခြင်းကို ဖောက်ဖျက်ကာ...

"စိတ်လည်း မရှိပါနဲ့... ရှင့်ရဲ့စိတ်ကူးဟာ ယိုးဒယားမနဲ့ အကြောင်းပါလာလို့ ဗမာမတွေအကြောင်း ကောင်းကောင်းမသိတာ ထင်ပါရဲ့"

မခင်ချစ်သည် မောင်ကျော်ဦး လက်ထပ်ပြီး မပြီး သိရှိရန် ခနဲ့သလို မေးလိုက်၏။ ကျော်ဦးသည် ဆတ်ခနဲ ခေါင်းလှည့်ကာ ခပ်ပြုံးပြုံးဖြစ်နေသော မခင်ချစ်မျက်နှာ မြင်ရမှ စိတ်မဆိုးရက်သကဲ့သို့ ဣန္ဒြေကြီးနှင့်ပြုံးရင်...

"ကျွန်တော့်မိန်းမက မြန်မာပါပဲ။ ဒါပေမဲ့ ကျွန်တော်က မိန်းမကို ကောင်းကောင်းဂရုစိုက်တဲ့လူ မဟုတ်တော့ အလွဲထင်မိတာဖြစ်မှာပေါ့"

မခင်ချစ်သည် ထိုင်ခုံပေါ်က ကျွမ်းပျံကျမသွားအောင် မနည်းသတိထားရလေ၏။ သူ၏မျက်နှာရှိ သွေးများသည် ဆုတ်ယုတ်သွားကာ မူးဝေသလိုဖြစ်သွားသဖြင့် တစ်ဖက်လယ်ကွင်းများရှိရာသို့ လှမ်းမျှော်ကြည့်နေရရှာ၏။

*

(၃)

မီးရထားလမ်းဝဲယာဘေးရှိ ချာလပတ်လည်ကျန်နေရစ်သော သစ်ပင်များသည် မခင်ချစ်အား ပြောင်လှောင်နေသည်ဟု ထင်မှတ်နေ၏။ မင်းအောင်က "သူ ယိုးဒယား သွားပြီ။ ဘယ်တော့မှ ဗမာပြည်မလာ" ဟု ပြောစဉ်က တစ်နေ့ပြန်လာမည်ဟု ထင်ခဲ့၏။ ထင်သည့်အတိုင်းလည်း ပြန်လာ၏။ သို့ရာတွင် မယားနှင့်ဖြစ်နေခြင်းသည် တစ်သက်လုံး မျှော်လင့်စောင့်စားနေချင်သော မခင်ချစ်အတွက် အဘယ်မှာ စိတ်ဒုက္ခမဖြစ်ဘဲ နေရှာတော့အံ့နည်း။ ကျော်ဦးသည် မခင်ချစ်၏ ကျောပြင်ကလေးကို ကြည့်ကာ ...

"ဒီမယ်... ခင်ဗျားအိမ်ကလူကကော မော်ဘီမှာပဲလား"

"အို... ဘယ်အိမ်ကလူ... ကျွန်မ အိမ်ထောင်မရှိသေးပါဘူး"

"စိတ်မဆိုးပါနဲ့ခင်ဗျာ... ကျွန်တော် အမှတ်မဲ့မေးမိတာပါ"

mgyoe.com

mgyoe.com


မိမိက စတင်မေးမိသဖြင့် ယောကျ်ားတစ်ယောက်က ပြန်မေးသည်မှာ စိတ်ဆိုးဖွယ်မဟုတ်၊ ထို့ထက် မိမိကိုယ်တိုင်က အပျိုပါ ပြောခြင်းထက် အမေးရှိမှဖြေရခြင်းက ပိုမိုကောင်းမွန်သဖြင့် ကျေနပ်စွာနှင့်ပင်...

"မဆိုးပါဘူးရှင်... မသိလို့မေးတဲ့ဟာပဲ။ မဆိုးတတ်ပါဘူး"

"အေးဗျာ... အဲဒီလို တစ်ယောက်တည်းနေတာ အကောင်းဆုံးပါပဲ။ ကျွန်တော်တော့ မိန်းမယူမိတာ ငါးပါးမက သံဃာစင်ပါ မှောက်တာပါပဲ"

"အို... ဘာဖြစ်လို့လဲရှင်... တစ်ယောက်အတွင်းရေး မေးမိတာ စိတ်မရှိပါနဲ့ရှင်"

"မရှိပါဘူးဗျာ... တစ်ခါတလေ ဝမ်းထဲရှိတာ အန်ထုတ်လိုက်ရမှ ရင်ချောင်တာပဲ။ ခင်ဗျားဟာ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းပြောတာကို နှစ်သက်တတ်တယ်ထင်လို့ ပြောပြရဦးမှာပဲ။ သူများထက်ထူးတယ် ထင်တာပဲ"

"သူလိုကိုယ်လိုပါပဲရှင်... ကဲ ပြောမှာပြောစမ်းပါဦး"

"ဒါထက် ခင်ဗျား အသက် ၂၀ ပြည့်ပလား"

"၂၅ နှစ်ရှိပြီ"

"အို... ကျွန်တော့်ထက် ၂ နှစ်တည်းငယ်တာပါလား။ ကျွန်တော်ဟာ ကစားခုန်ပြေးက လွဲလို့ ဘာမှဝါသနာမပါဘူး။ နောက် ယိုးဒယားရောက်သွားရင်းနဲ့ ယိုးဒယားမှာနေတဲ့ မြန်မာမတစ်ယောက်နဲ့ အကြောင်းပါတာပဲ။ ချစ်တာတွေ ဘာတွေစဉ်းစားမိလို့လည်း မဟုတ်ပါဘူး။ သူ့အဖေကြီး အားနာတာနဲ့ ယူလိုက်တာပဲ။ သူ့အဖေကြီးက ကျွန်တော်အခြေမကျခင် ကူညီတာကိုး"

"ဒါဖြင့် ရှင် မချစ်ဘဲနဲ့ ဇွတ်မှိတ်ယူခဲ့ရတာပေါ့"

"ဟုတ်ကဲ့ ဆိုပါတော့... ဒီလိုကိုးဗျ... ကျွန်တော် ကောလိပ်က ထွက်တော့ အလုပ်ရှာတယ်၊ မရဘူး။ အဲဒါက ဗမာပြည်မနေချင်တဲ့ အကြောင်းတစ်ချက်ပဲ။ နောက်တစ်ချက်က ကျွန်တော့်မှာ ချစ်သူ ရှိတယ်။ ချစ်သူဆိုလို့ စာပေးလား၊ လူချင်းတွေ့လားရယ်လို့ မဟုတ်ပါဘူး။ ကျွန်တော် ၁၀ တန်း အထိသင်တဲ့ ကျောင်းနီးချင်း မိန်းကလေးကျောင်း ရှိတယ်"

မခင်ချစ်ကား မျက်တောင်ကော့ကလေးနှင့် စူးစိုက်နားထောင်နေ၏။

mgyoe.com

mgyoe.com

"အဲသည်တုန်းက သူက ၁၅ နှစ်၊ ကျွန်တော်က ၁၇ နှစ်ရှိသေးတယ်။ နေ့တိုင်းလို မျက်နှာချင်းဆုံတွေ့တယ်။ မိန်းကလေးတွေ အများကြီးထဲက သူ့မျက်နှာကလေးမြင်ရရင် ဝမ်းသာသလို ရင်ထဲကဖိုသလို ဖြစ်သွားတာပဲ။ သူကလည်း လူတွေ အများကြီးထဲက ကျွန်တော့်ကို ကြည့်ကြည့်သွားတာပဲ။ တစ်နေ့ ကျွန်တော်အပြင်းဖျားပြီး ဆေးရုံရောက်ပါရော... သူ့ခမျာလည်း အပြင်းဖျားပြီး ဆေးရုံရောက်နှင့်တာကိုး။ ကျွန်တော် ချောကလက်တစ်ဘူးတောင် ပေးခဲ့သေးတယ်။ ကျွန်တော် ဆေးရုံကဆင်းလို့ နှုတ်ဆက်တော့ မျက်ရည်ကလေးဝိုင်းပြီး ကျန်ရစ်ရှာတယ်...

"နောက်... ကျွန်တော် သူ့ကိုကျောင်းမှာ မမြင်ရတော့ဘူး"

"ကိုယ်ဒီလောက်ချစ်နေတာ လိုက်မရှာဘူးလားရှင်"

"ရှာသမှ အနံ့ပေါ့ဗျာ... ဘယ်မှာမှ သဲလွန်စ မရပါဘူး။ ရင်ထဲသာ ဆွေးကျန်ရစ်တာပဲ။ အဲဒီအကြောင်းကလေးက လေပင့်သေးလိုက်တော့ ယိုးဒယားကို ဆိုက်ဆိုက်မြိုက်မြိုက် ပြေးမိတာပါပဲ"

မခင်ချစ်၏ သံယောဇဉ်စိတ်ကလေးကား အမှျင်တွယ်၍ နေ၏။ မယားကြီးရှိသော အချစ်ဦးကို မုန်း၍မရချေ။ သူ့ခမျာလည်း ငါ့ကိုချစ်ရှာတာပါပဲလားဟူသော အတွေးသည် ကျော်ဦးအား ပိုမိုခင်မင်စေတော့၏။ ထိုသို့ခင်မင်ခြင်းဖြင့် အကြောင်းမထူးသည်ကို စဉ်းစားမိသောအခါ ရင်ကလေးခုန်သွားကာ ဟာတာတာကြီး ဖြစ်သွားရှာ၏။ ထိုအတွင်း မီးရထားသည် မှော်ဘီဘူတာတွင် ရပ်လေ၏။

"ဟော... ရောက်နေပါပကော၊ သွားလိုက်ဦးမယ်ရှင်"

"ကျွန်တော် အလည်လာရင် မတွေ့ရဘူးလားခင်ဗျာ... နာမည်လည်း မသိ..."

"ကျွန်မ ခဏအလည်လာတာ... နောက်ကိုတွေ့မယ် မထင်ပါဘူးရှင်"

မီးရထားသည် လှုပ်ရှားစပြု၏။ ကျော်ဦးသည် ပါးစပ်ဟကာ တစ်စုံတစ်ခု လှမ်းပြောလိုက်၏။ သို့ရာတွင် မခင်ချစ် မကြားတော့ချေ။ ဘူတာထဲရှိ လူအချို့အနက် ကူလီကုလားတစ်ယောက်အား မိမိသွားလိုသော သူငယ်ချင်းမအိမ်သို့ သွားနေကျကဲ့သို့ ညွှန်ကြားကာ လက်ဆွဲသားရေအိတ်ကို ထမ်းစေပြီးလျှင် နောက်က လိုက်ပါသွားလေ၏။

mgyoe.com

mgyoe.com

ဘူတာအနောက်ဘက် တစ်ခေါ်သာသာ သွားမိလျှင် ကုလီကုလားသည် တိုက်ခံပျဉ်ထောင်သွပ်မိုး အိမ်ကြီးတစ်အိမ်ရှေ့တွင် ရပ်လေ၏။ ကုလားအား ပိုက်ဆံပေး ပြန်လွှတ်လိုက်ပြီး လှေကားဆီသို့လာရာ အသက် ၃၀ နီးပါးရှိ ဂါဝန်ဝတ် ကပြားမတစ်ယောက် ဆင်းလာ၏။ ထိုမိန်းမကား မခင်ချစ်ထက် ၃ နှစ်ကြီး၍ ကျောင်းတုန်းက အထူးခင်မင်သူ ဖြစ်လေ၏။ မခင်ချစ်က မှတ်မိသော်လည်း ကပြားမသည် မှတ်မိပုံမရချေ။

"ရိုစီလေ... မမှတ်မိဘူးလား၊ ၁၀ နှစ်ကြာပြီကိုး"

ကပြားမကား ထိုအခါကျမှ ဝမ်းသာအားရ ပြေးဆင်း ဖက်ယမ်းနမ်းရှုပ်ကာ အိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

ဘောင်းဘီဝတ်တစ်ယောက်လည်း အသံကြား၍ အပေါ်မှဆင်းလာလေ၏။

"အချစ်ရေ... ဟောဒါက ကျွန်မ သူငယ်ချင်းပဲ" ဟု ကပြားမက သူ၏ခင်ပွန်းသည်နှင့် မခင်ချစ်အား မိတ်ဆက်ပေးနေ၏။ နှစ်ဦးသားမှာလည်း ရှေးဟောင်းနောက်ဖြစ်များကို တစ်နာရီခန့် ပြောဆိုပြီးလျှင် ကပြားမခင်ပွန်းသည်နှင့်အတူ နံနက်စာစားကြ၏။ သူ၏ခင်ပွန်းသည် စိုက်ပျိုးရေးဝန်ထောက်ဖြစ်သဖြင့် မှော်ဘီစိုက်ပျိုးရေးဌာနသို့ ၁၀ နာရီခန့်တွင် ထွက်ခွာသွားလေ၏။

မခင်ချစ်ကား သူငယ်ချင်းကပြားမ၏ ကျေနပ်စွာ ခွင့်ပြုချက်အရ မှော်ဘီတွင် ၃ ရက်ခန့် ကြာရှိပြီ ဖြစ်၏။ ကျော်ဦး၏အကြောင်းကားတစ်သက်တွင် ဖျောက်၍ မရတော့ပြီ။ နောက်ဘယ်တော့မှ မတွေ့နိုင်တော့ဘူးဟု ပြောလိုက်မိသည့်အတွက် မိမိကိုယ်ကို အပြစ်တင်နေမိရာ၏။ အချစ်ဆိုတာ ဒီလိုပဲလား၊ သူမယားယူတယ်ဆိုတာနဲ့ မတွေ့ချင်တော့ဘူးလား၊ ညည်း လူချစ်တာလား ဘာချစ်တာလဲ၊ လူချစ်တဲ့အချစ်ဆိုရင် ကိုယ်ချစ်တဲ့လူကျန်းကျန်းမာမာကြီးနဲ့ တစိမ့်စိမ့်ကြည့်နေရရင် ပီတိမဖြစ်ဘူးလား၊ အို... ရဟန္တာမှမဟုတ်ဘဲ၊ သူက သူ့မယားနဲ့ ပျော်နေတာ ကိုယ်က အခြောက်တိုက်ကျေနပ်ရမှာလား... စသည်ဖြင့် ဝေခွဲမရ ဆုံးဖြတ်မဖြစ်သော အမျှင်တစ်တန်းကြီး အတွေးမျိုးစုံကို တွေးနေရှာ၏။

"ရိုစီလား... ရှိပါတယ်၊ ရိုစီ... ထွက်ခဲ့ပါဦး"

mgyoe.com

mgyoe.com


သူငယ်ချင်းမ၏ အင်္ဂလိပ်စကားနှင့်ပြောသံကို ကြားလိုက်ရသော အခါ မခင်ချစ်သည် အိမ်အောက်ထပ် ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှ ထလာကာ အိမ်ပေါက်သို့ ထွက်ခဲ့၏။ ရင်ကားကြီးနှင့် အရပ်မြင့်မြင့်လူကို မြင်လိုက်သောအခါ ကြက်သေ သေသလိုဖြစ်ရာက...

"ကိုကျော်ဦး" ဟု ခေါ်လိုက်၏။ "လာလေ... အိမ်ထဲ" ဟု ဖိတ်ခေါ်သွားကာ ဧည့်ခန်းတွင် နေရာချထားလေ၏။

"ဒါ ကျွန်မသူငယ်ချင်း မစွက်... ပဲ။ ဟောဒါက ကျွန်မ မိတ်ဆွေလေ... ဘောလုံးကိုကျော်ဦးဆိုတာ မသိဘူးလား"

"အို... အိုင်ဆီး" ဟု ကပြားမသည် ကျော်ဦးနှင့် လက်ဆွဲနှုတ်ဆက်လေ၏။ ထို့နောက် မိတ်ဆွေနှစ်ယောက် လွတ်လပ်စွာ စကားပြောရန် အိမ်နောက်ဖေးသို့ ထွက်ခွာသွားလေ၏။

"ရက်စက်လှချည်လား အချစ်ရယ်... ဒီလောက်ပဲ ရက်စက်ရသလား။ မသိလို့ လွဲသွားရင် ခံနိုင်သေးတယ်။ သိရက်နဲ့ တမင်ရှောင်သွားတာများ တော်ရော့လား..."

ကျော်ဦးသည် ရည်းစားဟောင်းတစ်ဦးကဲ့သို့ ပိုင်စိုးပိုင်နင်း ပြောနေ၏။ ထိုသို့ပြောသည်ကို မခင်ချစ် စိတ်မဆိုး၊ မျက်ရည်ဝိုင်းသော မျက်လုံးအိမ်ဖြင့် ထိုင်လျက် ခေါင်းတစ်လုံးခန့်မြင့်နေသော ကျော်ဦး၏ မျက်နှာကို မော့ကြည့်နေရှာလေ၏။

"ဒီမယ် ကြည့်ပါဦး... ဒါက ဘာလဲ"

ကျော်ဦးသည် အပေါ်အင်္ကျီအိတ်ထဲက ဖွင့်ပြီးစာတစ်အိတ်ကို ဆွဲထုတ်ကာ စာအိတ်ထဲကစာရွက်ကို မခင်ချစ်၏ရှေ့တွင် ဖြန့်ပြ၏။ မခင်ချစ်လည်း သေးသွယ်ပျော့ပျောင်းသော လက်ချောင်းကလေးနှင့် ဆွဲယူဖတ်ရှုရာ...

*မိတ်ဆွေ ကိုကျော်ဦးခင်ဗျား ...*

*မိတ်ဆွေကြီး ပြန်သွားသောနေ့က ဒုတိယတွဲထဲတွင် ဘောလုံးကိုကျော်ဦးနှင့် ကိုသိန်းထွန်း၏မရီးကို မြင်လိုက်ရကြောင်းနှင့် ကိုသိန်းထွန်း၏ မိတ်ဆွေတစ်ဦးက ပြောပြပါသည်။*

mgyoe.com

mgyoe.com

*မိတ်ဆွေကြီး ကံအတော်ထူးပါသည်။ သို့ရာတွင် မိတ်ဆွေကြီးမှာ လက်ကိုင်ကြီးနှင့်ဖြစ်နေသဖြင့် အတွေ့နောက်ကျသည်ဟု ဆိုရပါမည်။ ကျွန်တော် ဘယ်လိုစိတ်ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ မိတ်ဆွေကြီး အသိပါ။ မခင်ချစ်သည် မိတ်ဆွေကြီးနှင့်အတူ နေပါသလား၊ ဘယ်မှာနေပါသလဲ။ ကျွန်တော့်ဆီပြန်လာအောင် တိုက်တွန်းနိုင်က ခင်မင်သော မိတ်ဆွေဖြစ်သည့်အတိုင်း တိုက်တွန်းပေးပါ။*

***မင်းအောင်***

မခင်ချစ်ကား စကားတစ်ခွန်းမျှမပြောဘဲ စာရွက်ကို တွန်းပေး၏။

"ကိုမင်းအောင်ကို ပြန်ပြီးယူချင်ယူ၊ မယူချင်နေ... ဒါတွေဘာမှ အရေးမကြီးဘူး။ သိရက်နဲ့ မသိယောင်ဆောင်သွားတာတော့ မကျေနပ်ဘူး"

"ရှင်သိတော့ကော ဘာအရေးလဲ... ဘာထူးဦးမှာလဲ"

"ကိုယ်အသည်းစွဲ ချစ်တဲ့သူတစ်ယောက်၊ ကျန်းကျန်းမာမာနဲ့ တွေ့ရရင် ဝမ်းသာရမှာပေါ့။ နောက်ဘာဖြစ်မယ်လို့ ဘယ်သူပြောနိုင်သလဲ"

"အို... ကိုမင်းအောင်နဲ့ လက်ထပ်မယ့်မိန်းမဟာ အလကားမိန်းမလို့လည်း ပြောနေပြန်၊ မယားကြီးလည်း ရှိနေပြန်တော့ မသိဘဲနေတာကောင်းဘာပေါ့"

ထိုအခါ၌ ကျော်ဦးသည် မခင်ချစ်အား ထုတ်မပြသော သိန်းထွန်းဆီက စာသဘောကို တွေးမိ၏၊ သူကျော်ဦးကို စွဲနေတာ... ကိုကျော်ဦး ပြန်လာတယ် ကြားတာနဲ့ စိတ်ကြောင့်ပြီး ထွက်ပြေးတာ... ဟူသော အဓိပ္ပာယ်ကို တွေးတောမိရင်း...

"ဒါဖြင့် ကိုမင်းအောင်ဆီ ပြန်သွားမလား၊ လိုက်ရှာလိမ့်မယ်"

"ဘာလို့သွားရမှာလဲ၊ သိုက်ရှာရင် ထွက်ပြေးဦးမှာပေါ့။ ရှင်ကြံဖန် ပြီး စာပြန်လိုက်... ကျွန်မ ဒီနေရာ ရောက်နေတယ်လို့ မပြောပြဘဲနဲ့ ကြံကြံဖန်ဖန် ရှင်မို့ လိုက်လာတယ်၊ အံ့ပါ အံ့ ဘာ့တယ်"

ကျော်ဦးကား မခင်ချစ်၏ သနားစဖွယ်မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ရှုနေ၏။ တကယ်လို့သာ ဓာတ်စကများ တွေ့လိုက်ရရင် လောက

mgyoe.com

ကြီးမှာ ဘယ်လောက်များ ပျော်လိုက်မလဲ ဟု တွေးတောဟန်ရှိ၏။ မခင်ချစ်မှာလည်း ထို့အတူ ကျော်ဦး လက်မထပ်ခင်ကသာ တွေ့ကြုံရလျှင် မည်မျှစိတ်ချမ်းသာ ပျော်ရွှင်မည်ကို ပြန်လှန်တွေးတောနေ၏။ မျက်နှာချင်းဆိုင်ထိုင်နေသူနှစ်ဦးကား အသံတိတ်ဆိတ်နေကြ၏။

"မော်ဘီမှာ ကြာကြာနေရင်... သူတို့တစ်နေ့သိမှာပဲ၊ သူတို့မိတ်ဆွေတွေ ရှိတယ်"

"ကျွန်မလည်း ဒါ စဉ်းစားနေတာပဲ။ ဘယ်လိုလုပ်ရမယ်မသိ..."

ငြိမ်သက်နေရာမှ တစ်ယောက်တစ်ပြန် စကားစပြောကြလေ၏။

"ဒါဖြင့် ဒီလိုလုပ်... ဒီကနေ့ညနေ ရန်ကုန်ပြန်လိုက်၊ ကြည့်မြင်တိုင်မှာ ကိုကျော်ဦးအမျိုး ရှိတယ်။ အဲဒီမှာနေရင် မကောင်းဘူးလား။ တစ်မြို့တည်းဆိုပေမဲ့ ရန်ကုန်မှာနေရတာက ပိုပြီး လုံခြုံတာပေါ့"

မခင်ချစ်ကား တွေဝေစဉ်းစားနေ၏။ ဘာလုပ်ရမည်မသိ၊ မင်းအောင်တစ်ယောက်တည်းကား မစိုးရိမ်၊ သိန်းထွန်းပါ ကူညီတိုက်တွန်းနေကသူ့ထမင်းစားနေခဲ့ဖူးသဖြင့် ငြင်းရန် အခက်ဖြစ်နေမည်ကို စိုးရိမ်နေ၏။

"ကဲပါ... ဒီကပြောတဲ့စကားများ နားထောင်စမ်းပါဦး၊ ကြည့်မြင်တိုင်လိုက်မယ် မဟုတ်လား။ အဒေါ်တော်သူတစ်ယောက်၊ ဝမ်းကွဲနှစ်ယောက်၊ ဒါပဲ ရှိတယ်။ ၂ ထပ်တိုက်တစ်လုံးမှာ သူတို့တင်ပဲ၊ သွားမယ်လေ"

မခင်ချစ်ကား အာစေးထည့်ထားသူကဲ့သို့ ဘာမျှပြန်မပြောနိုင်။ မျက်လုံးအကြောင်သားနှင့် ကျော်ဦးအား မော့ကြည့်နေ၏။ ကျော်ဦးသည်လည်း မခင်ချစ်အား ကြင်နာသောအမူအရာနှင့် ကြည့်ရှုနေ၏။ လျှပ်စစ်အဖို၊ အမကြိုးချင်းထိသကဲ့သို့ ၎င်းတို့ရင်ဝတွင် တဒိတ်ဒိတ်နှင့် ခုန်၍နေကြ၏။

"ရှင် ဘယ်မှာနေသလဲ... ခုထက်ထိ ဒါကို မမေးမိဘူး"

မခင်ချစ်သည် မပြုံးတပြုံးကလေး နှုတ်ခမ်းလှုပ်ကာ မေးလိုက်ရာ ကျော်ဦးသည် အနည်းငယ်ထူသယောင်ရှိသော နှုတ်ခမ်းအတွင်းမှ လူနှင့်မလိုက်၊ ဖြူဖွေးညီညာသော သွားများပေါ်အောင် ပြုံးရယ်လိုက်ကာ...

"ဥက္ကံသားပဲ၊ ဥက္ကံနေတာပေါ့။ ဇာတိချက်ကြွေမသိလို့ စိတ်မချဘူးလား"

mgyoe.com

မခင်ချစ်သည် ဘာမျှပြန်မပြောချေ။ သူဘာလုပ်ရမည်ကို စဉ်းစားနေ၏။ သူ၏အချစ်ကား ကျော်ဦးအပေါ်၌ အစိုင်အခဲတည်နေပြီ ဖြစ်၏။ အချို့မိန်းကလေးများ အချစ်ကြောင့် မိမိကိုယ်ကို ပုံအပ်လိုက်သဖြင့် ဒုက္ခတွေ့ခဲ့ကြသည်ကို ရှေးကအပြစ်တင်မိသော်လည်း မိမိကိုယ်တိုင် တွေ့ကြုံနေရသောအခါ အပြစ်မတင်လိုတော့ချေ။ ကျော်ဦး၏စကားကို နားမထောင်လျှင် ကျော်ဦး စိတ်ဆိုးတော့မည်ကို သာ၍စိုးရိမ်နေဟန်ရှိ၏။

"လုပ်ပါအချစ်ရယ်... ရထားချိန် နာရီဝက်လောက်ပဲ လိုတော့တယ်"

"ကောင်းပြီလေ... ကိုကျော်ဦးကိုပဲ ခုနေခါတော့ အားကိုးရမှာပဲ"

"ခုနေခါမဟုတ်ဘူး၊ တစ်သက်လုံး အားကိုးနိုင်ပါတယ်။ အေးလေ၊ ဒါတွေနောက်မှ ပြောကြစို့၊ မခင်ချစ်မိတ်ဆွေတွေ နှုတ်ဆက်ပါဦး"

မခင်ချစ်ကား နေရာမှထသွားကာ သူငယ်ချင်းမအား နှုတ်ဆက်ရင်း မိမိ၏အကျိုးအကြောင်းကို ပြောပြလေ၏။ သူငယ်ချင်းမမှာလည်း သဘောကောင်းသူဖြစ်သည့်အတိုင်း မသွားမဖြစ်သူမို့ ဝမ်းနည်းစွာနှင့် ခွဲခွာရမည့်အကြောင်းများကို မျက်ရည်ဝိုင်းလျက် ပြောရှာလေ၏။

ဟင်္သာတမှ လက်ပံတန်း၊ လက်ပံတန်းမှ ရန်ကုန်သို့ တောက်လျှောက်သွားသောမီးရထား မော်ဘီဘူတာသို့ ဆိုက်ချိန်နီးသောအခါ ကျော်ဦးနှင့် မခင်ချစ်တို့သည် ဘူတာဆီသို့ ထွက်၍လာကြလေ၏။ ခေါင်းတစ်လုံးသာသာ မြင့်သော လူထွားကြီးတစ်ယောက်နှင့် ငါးရံ့ကိုယ် မိန်းမချောတစ်ယောက် ရှေ့နောက်သွားကြသည်ကို လင်မယားဟု ထင်မှတ်ကာ ကြည့်ရှုသူလည်း မရှားချေ။

ကျော်ဦးကား ဘာပစ္စည်းမျှမပါ၊ ဗလာကိုယ်ချည်းဖြစ်ရာ မခင်ချစ်၏ လက်ဆွဲသားရေအိတ်ကို 'မိန်းမဝတ် ထဘီပါပါတယ်' ဟုတားသော်လည်း မရ၊ ဇွတ်ဆွဲကိုင်ကာ ယူခဲ့၏။ ဘူတာတွင်းသို့ရောက်လျှင် ဒုတိယတန်းလက်မှတ် ယူမည်အလုပ်၊ မခင်ချစ်က ပိုက်ဆံပေးသော်လည်း လက်မခံ၊ ကိုယ်တိုင်စိုက်ထုတ် ဝယ်ယူခဲ့၏။ ကျော်ဦး၏လက်ထဲ၌ လက်မှတ် ၂ စောင် မြင်ရသောအခါ မခင်ချစ်မှာ မျက်လုံးလေးပြူးသွားရှာလျက်...

"အို... ရှင်ပါ လိုက်မလို့လား၊ ကျွန်မ တစ်ယောက်တည်း သွားပါရစေလား၊ ရှင့်ဆီက အကျိုးအကြောင်း စာရေးပေးလိုက်ရင် ပြီးတာပဲဟာ..."

mgyoe.com

mgyoe.com


"မဖြစ်ပါဘူးအချစ်ရယ်... ရောက်မယ့်အချိန်က ည ၇ နာရီ၊ ၈ နာရီသာသာ၊ ကြည့်မြင်တိုင်မှာ လူရမ်းကားကလေးတွေနဲ့ တွေ့နေမှဖြင့် မခက်လား"

"ကြည့်မြင်တိုင်မှာ လူရမ်းကားကလေးတွေ ရှိသလား၊ ဒါဖြင့် ကျွန်မ မနေဝံ့ပါဘူး၊ မသွားပါရစေနဲ့ ကိုကျော်ဦး"

ကြည့်မြင်တိုင်တွင်ကား မိကောင်းဖခင် သားသမီးများကို စော်ကားတတ်သော လူရမ်းကားကလေးများ မရှိချေ၊ သူ့အဆက်နှင့်သူ... အရှုပ်အရှုပ်ချင်းသာ ရထားတင်ပြေးခြင်း၊ ကားတင်ပြေးခြင်း၊ ဆွဲငင်ခြင်း ပြုလုပ်တတ်၏။ ကျော်ဦးမှာ မိမိလိုက်ပို့ချင်ဇောနှင့် ရမယ်ရှာပြောမိရာ မိမိစကားနှင့် ပြန်မိနေသဖြင့်...

"အို... ဒီလိုလည်း မရမ်းကားကြပါဘူး၊ ညမို့သာ လိုက်ပို့တာပါ"

မခင်ချစ်သည် ရုတ်တရက်လိုက်မလာရန် ပြောဆိုမိသော်လည်း ကျော်ဦးလိုက်ပါလာခြင်းကို အလိုရှိ၏။ ကျော်ဦးကိုယ်တိုင် မျက်နှာပြ၍ အပ်နှံလိုက်က မိမိတစ်ဦးတည်း ရမ်းစမ်းသွားရသည်ထက် ပိုမိုအကျိုးရှိမည့်ပြင် မိမိမကျွမ်းကျင်သော ကြည့်မြင်တိုင်နယ်မြေတွင် လမ်းနှင့်အိမ်ရှာရသည့် အလုပ်ကလည်း မလွယ်ကူသဖြင့် စကားပြန်မပြောဘဲ ကျော်ဦးလက်ထဲက လက်ဆွဲသားရေအိတ်ကို လှမ်းဆွဲမိလေ၏။

"ဒီက စိတ်မချလို့ လိုက်ပို့တာ... ဒါက ဘာလုပ်တာလဲ ဟင်"

ကျော်ဦးသည် အစ်ကိုကြီးက နှမငယ်အား မာန်မဲသောအသံမျိုးနှင့် ပြောလိုက်ရာ မခင်ချစ်သည် ထိုအသံမျိုးကိုပင် သဘောကျသလိုဖြစ်လျက် လက်ကိုရုပ်သိမ်းပြီး အနည်းငယ်ပြုံးလိုက်ကာ...

"သူ့ချည်းကိုင်ရလို့ ဒီကသနားလို့ ဆွဲကိုင်မယ့်ဟာ..."

"ဒါကလေးက လေးလွန်းလို့..."

ဤတွင် တစ်ဦးပေါ်တစ်ဦး မည်မျှကရုဏာသက်လျက် ရှိသည်ကို သိသာနိုင်၏။

မကြာမီ ရထားသည် အဝေးမှ အပြေးစိုင်းနှင်လာလေ၏။ ဘူတာသို့ ဆိုက်ကပ်သည်နှင့် တစ်ပြိုင်နက် ကျော်ဦးသည် ပထမတွဲတံခါးကို ဆွဲဖွင့်ကာ သားရေအိတ်ကို ပစ်တင်လိုက်၏။ မခင်ချစ်၏ တင်ပါးတစ်ခြမ်းနိုးနိုး

mgyoe.com

mgyoe.com
ရှိသော သူ၏ဘယ်လက်ဝါးဖြင့် မခင်ချစ်၏တင်ပါးကို မပေးကာ တွဲပေါ်သို့ တက်စေ၏။ ချစ်သူ၏ ပင့်မကိုင်တွယ်ခြင်းကြောင့် အကြော၊ အသွေးလှုပ်ရှား ကာ ပီတိဖြစ်မိသလိုတစ်ကြောင်း၊ ကျော်ဦး၏ အမူအရာ လျင်မြန်လှသည် တစ်ကြောင်းကြောင့် တွဲမှားသည်ကို ပြန်မပြောနိုင်ရှာပေ။ အေးအေးဆေးဆေး ထိုင်မိ၍ ရထားတဖြည်းဖြည်းထွက်ခွာတော့မှ...

"တွဲမှားနေတယ်။ ဘာလို့ ဒုတိယတွဲ မစီးတာလဲ"

"သိသားပဲ၊ ကိစ္စမရှိပါဘူး။ ဒုတိယတွဲမှာ ကပြားမည်း တစ်စုပါ လာတာ မြင်လို့"

ကျော်ဦးသည် ဆင်မကိုယ်ကြပ်အင်္ကျီနီးနီးရှိသော နက်ပြာရောင် အပေါ်ဝတ် သက္ကလတ်အင်္ကျီကို ချိတ်တွင် ထ၍ ချွတ်ချိတ်လိုက်ပြီး မခင်ချစ် အနားတွင် အသားချင်းထိမတတ် ယှဉ်ပြိုင်ထိုင်ချလိုက်လေ၏။ ထိုင်လျက် လည်း မခင်ချစ်ထက် ခေါင်းတစ်လုံးနီးနီး မြင့်၏။ မခင်ချစ်၏ကိုယ်ကလေး သည် ကျော်ဦး၏ ကိုယ်တစ်ခြမ်းစာမျှဖြစ်၏။ ပိန်ပိန်ပါးပါးမိန်းကလေးများ သည် လူထွား လူဝ လူကောင်ကြီးကြီးကို ချစ်ခင်တတ်လေသလော၊ မခင်ချစ် သည် နားရွက်ကား၊ အနည်းငယ်ထူသော မျက်ခုံးမွေး၊ မေးရိုးလေးထောင့်၊ ပခုံးကျယ်၊ ရင်ကျယ်နှင့် ကျော်ဦး၏ ခန္ဓာကိုယ်ကြီးကိုကြည့်ကာ စောစော ကသာ သူနှင့်တွေ့လိုက်ရလျှင် ဘယ်လောက်ပျော်လိုက်မလဲဟူသော အတွေး မျိုးဖြင့် ငေး၍ကြည့်နေမိရှာ၏။

ထိုသို့ အရသာယူ၍ တွေးနေခိုက် ကျော်ဦးသည် မခင်ချစ်၏ တစ်ကိုယ်လုံးကို ကလေးသဖွယ် ပွေ့ယူကာ သူ၏ရင်ခွင်ထဲသို့ ပက်လက် ကွေးကွေးကလေး ထားလိုက်ပြီး ချောမွေ့ညီညာသော မခင်ချစ်၏ ပါးပြင် ကလေးနှစ်ဖက်ကို တစ်လှည့်စီ အားပါးတရမွှေးလိုက်၊ နဖူးကိုနမ်းလိုက်၊ ပါးစပ်ချင်း တေ့စုပ်လိုက်နှင့် လေးငါးကြိမ် ပြုလုပ်မိ၏။ သူ၏နှုတ်မှ ၁၀ နှစ်တိုင်တိုင် ကွဲရတဲ့အချစ်ရယ်... ခုမှပဲ အားရပါးရချစ်ရတယ်၊ ချစ်တော့မယ် နော်... စောစောက ချစ်လိုက်ရရင် ဘယ်လောက်ဟန်ကျမလဲ...

မခင်ချစ်လည်း ကျော်ဦးပြောသော စကားများကို မကြားချေ။ ကျော်ဦး ပြုမူခြင်းကို အရသာရှိသလို မှိန်းနေမိ၏။ ထိုသို့နေမိရာက သူ့မှာ မယား ကြီးရှိပါကလားဟူသော အသိဉာဏ်ကလေး ပေါ်ပေါက်လာသောအခါ
mgyoe.com

mgyoe.com


လွင့်၍ ရှန်း၏။ သန်မာသော ကျော်ဦးလက်မှ ရုန်း၍မရချေ။ ကျော်ဦးသည် ငုံ့ကြည့်၏။ မျက်ရည်ဝိုင်းနေသောအခါ ဘေးသို့အသာချကာ...

"အို... အချစ် မကြိုက်ဘူးလား၊ စိတ်ဆိုးသလား။ ပလီတာ မဟုတ်ပါဘူး... အသည်းခွဲပြချင်တယ်၊ ဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်လိုပြရမလဲ"

မခင်ချစ်ကား မျက်နှာတစ်ဖက်သို့ လွှဲ၍နေ၏။ နေဝင်စအလင်းရောင်သည် မခင်ချစ်၏ကိုယ်ကလေးကို ဘေးစောင်းဟပ်၍နေရာ ပဒုမ္မာအင်္ကျီပါးလွှန်းချင်းမရှိသော်လည်း အလင်းရောင် ထိုးဖောက်နိုင်သဖြင့် ကိုယ်အထက်ပိုင်း ပြည့်ဖြိုးသင့်သလောက် ပြည့်ဖြိုးသော အတွင်းသား အခြေအနေကို ခန့်မှန်းနိုင်၏။ ကျောင်းတွင် ကစားခုန်ပေါ်း ဝါသနာမပါသော်လည်း ကျန်းမာရေး ဒရီး(လ်) အချိန်မှန်ပြုရခြင်းကိုကား ငြင်းဆန်၍ မဖြစ်။ ထိုအလေ့အကျင့်သည် ငါးရံ့ကိုယ်ကလေးဖြစ်သော်လည်း တောင့်တင်းသော အရိုးအဆစ်ကလေးများ ဖြစ်ခဲ့၏။ ကျော်ဦး၏သာမန်ပွေ့ညှစ်ခြင်းကို ကောင်းစွာခံနိုင်၏။ ကျော်ဦးသည် စကားမေးမရသဖြင့် ဘေးချင်းယှဉ်ကာ ပွေ့ဖက်လိုက်ပြီး နီးရာပါးပြင်ကလေးကို နှာခေါင်းနှိပ်ကာ မွှေးလိုက်ပြန်လေ၏။

"ပြောစမ်းပါဦး အချစ်ရဲ့... ကျော်ဦးကို မုန်းသွားပြီလားဟင်..."

မခင်ချစ်ကား ထိုအချိန်အထိ ဘာမျှပြန်မပြော၊ မျက်ရည်ကလေးဝဲလျက် ရှိနေရှာ၏။ နေမင်းသည် အမှောင်တိုက်ကို နောက်ချန်၍ထားခဲ့ရာ ကျော်ဦးသည် မီးထဖွင့်မည်အလုပ် အလိုအလျောက် တွဲခေါင်မိုးမှ လင်း၍လာလေ၏။

"သိပါပြီ... ကိုမင်းအောင်ဆီက ထွက်လာတာ မှားတယ်ထင်လို့ပေါ့... ဟုတ်လား"

"ကိုကျော်ဦး... ကျွန်မ ချစ်ရင် ဒီစကားဘယ်တော့မှ မပြောနဲ့၊ ကိုမင်းအောင်ဆိုတဲ့စကား ဘယ်တော့မှ မကြားချင်ဘူး"

"အနို့... ဒီကမေးနေတာ ဘာလို့မပြောတာလဲ၊ ဒီက ချစ်သလို မချစ်ဘူးလား"

"ချစ်ပါတယ်ဆိုတော့ ဘာလုပ်ဦးမှာလဲ၊ အခု ကိုကျော် ပြုမူတာ ပြန်စဉ်းစားကြည့်... ဒါပေမဲ့ ရှေ့ဆက်ငိုဖို့ မဖြစ်ပါဘူး"

mgyoe.com

mgyoe.com

"ဘာလို့မဖြစ်ရမလဲ အချစ်ရယ်... ဖြစ်တဲ့နည်း ကြံရမပေါ့"

မခင်ချစ်သည် ဘာမျှမပြောချေ။ ဓာတ်မီးရောင်တွင် ဝဲပျံနေသော ပိုးဖလံကောင်ကလေးတွေကို ကြည့်ရှုနေ၏။ ပိုးဖလံမျိုး မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီဟု ထွင့်ခေါင်ဆရာတော်ဘုရား ဆုံးမတော်မူခဲ့၏။ ထိုမီးကား မီးကြမ်း ဖြစ်၏။ အဆီးအတားမရှိသော မီးဖြစ်၏။ ယခုဓာတ်မီးတွင် တိုးနေသော ပိုးဖလံကလေးများသည် မီးရောင်ကို တိုးသည်သာပင်၊ သို့ရာတွင် မီးသည် ဖန်အုပ်ဆောင်း အတားအဆီးရှိ၍ ပိုးဖလံတွင် မီးလောင်ကျွမ်းသေဆုံးခြင်း မရှိချေ။ မိမိနှင့် ကျော်ဦးကား တစ်ဦးဦးက ပိုးဖလံကဲ့သို့ မီးကို တိုးနေကြ၏။ တစ်ဦးဦးဖန်ကဲ့သို့ အတားအဆီးရှိရမည်။ ထိုသို့စဉ်းစားရာ၌ ယောကျ်ားသည် ကြမ်း၏။ ထင်သလို ဇွတ်ကြံတတ်၏။ မိမိသာလျှင် ဖန်အုပ်ဆောင်းကဲ့သို့ မီးမလောင်ရန် တားဆီးရတော့မည်။ သူ၏အင်အားကား ဖန်အုပ်ဆောင်း ဖန်ပြောင်းကွဲအောင် တိုးနိုင်မည်လော။

"အခုလိုကြည့်နေရတဲ့အခါ ဟိုငယ်တုန်းကရုပ် ပေါ်နေတာပဲ။ အချစ်... အချစ်... အချစ်ဆိုတဲ့သဘောကို ကိုကျော် ခုမှ နည်းနည်းရိပ်မိတော့ပါကလား အချစ်ရယ်"

ကျော်ဦးသည် ငြိမ်ဆိမ်ခြင်းကို ဖျောက်ဖျက်ကာ မခင်ချစ်၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပြောဆိုလိုက်၏။ မီးရထားကား မှန်မှန်ပြေးလွှားလျက်ရှိရာ ၎င်းတို့မှာလည်း ဘူတာက ခွာချိန်၊ တစ်ဘူတာနှင့်တစ်ဘူတာကြားတွင်မှ စကားပြောနိုင်၏။ အင်းစိန်ဘူတာက လွန်ကတည်းက ဘူတာများသည် တစ်ခုနှင့်တစ်ခု နီးကပ်လှသဖြင့် စကားပြောချိန်မရ။ ည ၈ နာရီနီးပါးတွင် ကြည့်မြင်တိုင်ဘူတာသို့ ဆိုက်ကပ်သဖြင့် နှစ်ယောက်သား ဆင်းလာခဲ့ကြကာ ဘူတာအရှေ့ဘက်သို့ ထွက်ခဲ့ကြလေ၏။

*

(၄)

မခင်ချစ်ကား လွတ်လပ်သော ကျော်ဦးနှင့် နှစ်ဦးသဘောတူ ထွက်ပြေးကြခြင်းဖြစ်က မည်မျှလောက် ပျော်ရွှင်ကြမည်ကို တွေးတောရင်း လိုက်ပါလာရာ ကျော်ဦးမှာလည်း လက်ကိုင်မယားကြီးနှင့် မည်သို့ပြုလုပ်ရမည်ကို

mgyoe.com

mgyoe.com

တွေးတောလိုက်ပါလာဟန်တူလေသည်။ လမ်းမီးများအရောင်ကြောင့် ကောင်းစွာ သွားနိုင်ကြသော်လည်း သောနှစ်ဖက်ရှိအိမ်များမှာ တိတ်ဆိတ်နေကြ၏။ တစ်အိမ်စ နှစ်အိမ်စမှ စက်သီချင်းများဖွင့်လျက် ရှိကြ၏။ မကြာမီ အတော်ကလေးချောင်ကျသော ကျော်ဦး၏အဒေါ်ရှိရာ အိမ်သို့ ရောက်ရှိကြလေ၏။ အိမ်မှာ ဖယောင်းတိုင် ၂၅ တိုင်အား ဓာတ်မီးဖွင့်ထားလျက် တံခါး ၃ ပေါက်အနက် သောတံခါး ၂ ခု အလုံပိတ်ထားပြီး ဖြစ်၏။ အလယ်တံခါး တစ်ခုသာ ဆေးဖြူသုတ် သံခေါက်တံခါး စေ့ထားသည်ကို မြင်ရ၏။ "ကြီးကြီး" လူအသံနက်ကျယ်ကြီးနှင့် အော်ခေါ်လိုက် သောအသံကြောင့် အသက် ၁၅ နှစ်ခန့် မိန်းမပျိုတစ်ယောက် သံခေါက် တံခါးအတွင်းဘက် နားက ကပ်လာကာ "ဟင်... ကိုကိုဦး" ဟု လှမ်းခေါ်ရင်း အတွင်းဘက်က ခတ်ထားသော သော့ခလောက်ကို ဖွင့်ကာ တံခါးကို ချဲ့ပေးလိုက်၏။

မိန်းကလေးမှာ ကျော်ဦးနောက်က ပါလာသော ရုပ်ရည်သနားကမား မိန်းကလေးကို အကဲခတ်ကြည့်ရှုနေစဉ် အသက် ၄၀ ကျော်ခန့် ဖြူဖြူတုတ်တုတ် တစ်တောင်ခန့် စိတ်ပုတီးကြီး လည်ပင်းစွပ်ထားသော မိန်းမကြီး တစ်ယောက် ထွက်လာပြန်ကာ ကျော်ဦးတစ်လှည့်၊ မခင်ချစ်တစ်လှည့် ကြည့်ရှုရင်း...

"ဟဲ့ ကျော်ဦး... အချိန်မတော် နင် ဘယ်ကလာသလဲ၊ မသန်းမြင့် ကော..."

မခင်ချစ်ကား မသန်းမြင့်ဟူသော နာမည်ကို ပထမကြားရခြင်းဖြစ်ရာ ကျော်ဦး၏ မယားနာမည်ဖြစ်ရမည်ဟု မျက်နှာကလေး ပျက်သွား၏။ သို့ရာတွင် မိန်းမကြီး၏အမူအရာကို ကြည့်ခြင်းဖြင့် ကျော်ဦးသည် မိန်းမလိုက်စားသူမဟုတ်၊ အကြောင်းတစ်ခုခုကြောင့် မိတ်ဆွေမိန်းမပျိုတစ်ယောက် ခေါ်လာခြင်းဖြစ်လိမ့်မည်ဟု တွေးတောသည့်လက္ခဏာ ပေါက်နေ၍သာ စိတ်အနည်းငယ် သက်သာသွားရှာ၏။

"ဒါ ကျွန်တော့်သူငယ်ချင်း ကြီးကြီးရဲ့... သူ့ပထွေးနဲ့ မတည့်၊ မလိုချင်တဲ့လူနဲ့ ပေးစားမယ်ဆိုတာနဲ့ ထွက်ပြေးလာတယ်။ ဒါ ကြီးကြီးအိမ် အပ်ထားရမှာပဲ"

"သြော်... ဟုတ်လား၊ မတ်တတ်ကြီး... ထိုင်ကြလေ။ ဓာတိ ဘယ်ကလဲ"

mgyoe.com

mgyoe.com


မိန်းမကြီးသည် ကုလားထိုင်အထိုင်ခိုင်းရင်း စကားတစ်ဆက်တည်း မေးလိုက်ရာ ကျော်ဦးသည် အမှန်အားဖြင့် မခင်ချစ်၏ဇာတိကို မသိချေ။ အကင်းပါးသော မခင်ချစ်က...

"ဒိုက်ဦးကပဲ ကြီးကြီးရဲ့... ဒါပေမဲ့ ရန်ကုန်အရှေ့ပိုင်းမှာနေတာပဲ"

"သူ့နာမည်က မခင်ချစ်တဲ့... ကျွန်တော်တို့သူငယ်ချင်းတွေကတော့ အချစ်လို့ ခေါ်တယ်။ ဟောဒါက ကြီးကြီးရဲ့သမီး ခင်မြင့်မေတဲ့... လွန်ခဲ့တဲ့ နှစ်ကမှ မက်သဒစ် မိန်းကလေးကျောင်း ရှစ်တန်းက နုတ်ထားတာ"

"ဟိုဟာက..." ခပ်လှမ်းလှမ်းရှိ အသက် ၂၀ ခန့် အရပ်မဆိုး တဆိုး အသားညိုညို မိန်းမပျိုကို ညွှန်ပြရင်း... "လှရင်တဲ့၊ အိမ်မှာခိုင်းတာ၊ တစ်အိမ်လုံး ဒါပဲ။ အပေါ်ထပ်တစ်ထပ်လုံး ဘယ်သူမှနေကြတာ မဟုတ်ဘူး၊ ဘုရားစင်နဲ့ အခန်းလွတ်တွေပဲ ရှိတယ်။ အိမ်ငှားလည်း မထားဘူး"

ကျော်ဦးသည် ကရားရေလွှတ်သလို တတွတ်တွတ် သွက်လက်စွာ ပြောဆိုပြီးနောက် လှရင်ရှိရာသို့ ထသွားရင်း တစ်စုံတစ်ရာ တီးတိုးမေးလေ၏။ ထို့နောက် ပြန်လာကာ "အချစ်... စကားပြောရစ်ဦးနော်" ဟုပြောပြီး အပြင်ဘက်သို့ ထွက်သွားလေ၏။ ကျော်ဦးနှင့် မခင်ချစ်ကား ညစာထမင်း မစားရသေးချေ။ ကျော်ဦးသည် စမ်းချောင်းထောင့်သို့ သုတ်ခြေတင်ကာ စားစရာသွားရောက်ဝယ်ယူခြင်းဖြစ်ရာ အပြန်၌မူ မြင်းလှည်းကလေးဖြင့် နာရီဝက်အတွင်း ရောက်ရှိလာလေ၏။ ဖက်စိမ်းများနှင့် ထုပ်ထားသော အထုပ် ၅ ထုပ်၊ ၆ ထုပ် ဆွဲကိုင်လျက် ဝင်ရောက်လာလေ၏။

"လှရင်... ငါပြောထားတဲ့အတိုင်း လုပ်ထားရဲ့လား"

"ဟုတ်ကဲ့ အစ်ကိုလေး... စားပွဲပေါ်မှာ အကုန်ပြင်ထားပြီးပြီ"

ကျော်ဦးသည် အခန်းထဲသို့ ဝင်ရောက်သွားလေ၏။ ထမင်းစားခန်းတွင် ပန်းကန်ပြားလွတ်များ၊ ဇွန်း ခက်ရင်းများ အသင့်ပြင်ထားရာ တစ်မတ်တန် ထမင်းကျော်တစ်ပွဲ၊ တစ်မတ်တန် ခေါက်ဆွဲကြော်တစ်ပွဲ၊ ဝက်အူချောင်း၊ အစိမ်းကြော်၊ ဘဲကင်တစ်ခြမ်း စသည်ဖြင့် စားပွဲပြည့်မတတ် ဖြစ်သွား၏။ အပြင်သို့ ပြန်ထွက်လာပြီး...

"ကဲ... အချစ် ဆာလှရော့မယ်၊ လာလာ စားကြစို့" ဟုခေါ်ငင်ကာ ချောင်ကျသော ထမင်းစားခန်းထဲသို့ ခေါ်ဆောင်ခဲ့လေ၏။ မိန်းမကြီးနှင့်တကွ

mgyoe.com

mgyoe.com


ခင်မြင့်မေ၊ အစေခံ လှရင်တို့မှာ အပေါ်ထပ်တွင် မခင်ချစ်၏နေရာအတွက် အလုပ်ရှုပ်နေကြ၏။ ကျော်ဦးကား အစာမစားကြခင် မခင်ချစ်၏ ပါးပြင်ကလေးကို အားပါးတရဖက်၍ မွှေးပြန်ရာ မခင်ချစ်မှာ ငြင်းဆန်ခြင်းမပြု၊ မော့ကြည့်လျက်...

"တလွဲထင်ကုန်ပါ့မယ်၊ ဣန္ဒြေရရ နေစေချင်တာပဲ"

"သူတို့မြင်တာမှမဟုတ်ဘဲ အချစ်ရာ... ကဲပါ ထိုင်ပါ၊ ဘာစားမလဲ"

"ကျွန်မရင်ထဲ ဘယ့်နှယ်ဖြစ်နေမှန်း မသိဘူး၊ မဆာလှပါဘူး... ထမင်းကြော် နည်းနည်းစားမယ်"

ကျော်ဦးသည် မခင်ချစ်ရှေ့တွင်ရှိသော ပန်းကန်ပြားလွတ်ထဲသို့ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ ဝက်အူချောင်း အစားပေါင်းစုံအောင် ကိုယ်တိုင်ထည့်ပေး၏။ ထိုကဲ့သို့ ယုယပြုစုခြင်းကို ပထမအကြိမ်ခံစားရသော မခင်ချစ်မှာ မိမိဘဝမိမိ ရွံမုန်းလျက် နှလုံးသားပူလောင်ပြီးလျှင် မျက်ရည်ဝိုင်းနေရှာ၏။ ကျော်ဦးကား အစားကြီးသူဖြစ်သည့်အတိုင်း ကုန်းတုတ်နေသဖြင့် မခင်ချစ်၏မျက်နှာကို မမြင်ရချေ။ ဝမ်းထဲအနည်းငယ် အစာပြည့်တင်းမှ မော့ကြည့်မြင်တွေ့သဖြင့် ရေဖန်ခွက်ကိုင်သောက်ရင်း...

"ဘာဖြစ်တာလဲ အချစ်ရယ်... ဒီလိုမနေစမ်းပါနဲ့၊ တစ်သက်နဲ့တစ်ကိုယ် အပျော်ဆုံးအချိန်ပါ၊ လောကနိဗ္ဗာန်ကို ခုမှပဲ တွေ့ရတော့တယ်"

မခင်ချစ်သည် အနိုင်နိုင်ပြုံးရှာလေ၏။ ကျော်ဦးသည် ကြင်နာသော အမူအရာဖြင့်...

"ကိုကျော်ရဲ့မေတ္တာဟာ အချစ်အတွက်ပါပဲ။ ဒါကြောင့် တစ်သက်လုံးရည်စူးတဲ့ အချစ်တွေ့ရပြီမို့ လောကနိဗ္ဗာန်လို့ ပြောတာပါ"

"ကိုကျော်ရဲ့မေတ္တာဟာ အချစ်အတွက်ဖြစ်သလို အချစ်ရဲ့မေတ္တာဟာလည်း ကိုကျော့်အတွက်ပါပဲ။ ဒါပေမဲ့ ဒါပေမဲ့..."

မခင်ချစ်သည် စကားဆက်ရန် စကားလုံးရှာမတွေ့သကဲ့သို့ ရပ်တန့်သွားရာ ကျော်ဦးသည် ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ကာ...

"ဒါပေမဲ့ ဘာဖြစ်သလဲဟင်... ဘာဖြစ်ရတာလဲ"

"ကျွန်မ မသိဘူး... မသိဘူး"

ကိုကျော်က နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာ အချစ် မယုံဘူးလား"

mgyoe.com

mgyoe.com

"ကျွန်မ သိပါတယ်၊ ယုံလည်း ယုံပါတယ်"

"ဒါဖြင့် အချစ်က ကိုကျော်ချစ်သလို မချစ်ဘူးပေါ့"

"ကျွန်မ အစ်ကိုအရင်းလိုပဲ ချစ်ပါတယ်"

မခင်ချစ်သည် လေသံကလေးဖြင့်ပြောလိုက်ရာ ကျော်ဦးမှာ စိတ်နှလုံး ထိခိုက်သွားကာ ကိုယ်ကြီးကို မခင်ချစ်ဘက်သို့ မြင့်ကုန်းလိုက်ပြီး ကျောင်းသား လူပျိုအမူအရာဖြင့်...

"အို... ဒီလိုမချစ်ရဘူး၊ ဘာလုပ်မှာလဲ ဒီလိုအချစ်မျိုး" ဟုလက်ညှိုး ငေါက်ငေါက်ပါအောင်ထိုးရင်း ပြောလိုက်လေ၏။ ထိုအခိုက် အပေါ်ထပ်မှ ဆင်းလာသော ခြေသံများကြားသဖြင့် စကားပြတ်ကာ အစားကို လက်စသတ် ကြလေ၏။

"ဟော့ ကျော်ဦးရေ... မင့်သူငယ်ချင်းကို အခန်းလိုက်ပြလိုက်ပါ။ အနောက်တောင်ထောင့်အခန်း... အတွင်းက တံခါးပိတ် အိပ်နိုင်တယ်။ မင့်ဖို့ တော့ ဘုရားစင်နားက အိမ်ရှေ့ခန်းမှာ မင်းနှမများ ပြင်ထားတယ်။ မအိပ်ချင် ကြသေးလည်း အိမ်ရှေ့ဝရန်တာမှာ စကားပြောကြသေးတာပေါ့"

မိန်းမကြီးသည် ထမင်းစားခန်းပေါက်မှရပ်ကာ မှာကြားနေ၏။ ကျော်ဦးလက်မှ ကရိုမိယံ လက်ပတ်နာရီတွင် ၉ နာရီ ၅ မိနစ်စွန်းနေသည်ကို တွေ့ရ၏။ မယားကြီးရှိသော လူတစ်ယောက်အတွက် သူငယ်ချင်းနှင့် စိတ် မချစရာမရှိဟု ပြောပြသော မိန်းမကြီးစကားကြောင့် မခင်ချစ်မှာ ငြိမ်၍နေ လိုက်ရသော်လည်း ကျော်ဦး ပိုးဖလံ အတင်းတိုးနေမလားဟု တွေးရွံ့နေ၏။

ထိုအပိုင်းကား ငြိမ်ဆိမ်သောအပိုင်းဖြစ်၏။ ၈ နာရီသာသာ မီးမှိတ် ၍ အိပ်ကုန်ကြ၏။ ကျော်ဦးနှင့် မခင်ချစ် အိမ်အပေါ်ထပ်တက်လျက်ပင် အောက်ထပ်မှ တံခါးပိတ်သံ ကြားရ၏။ ချောက်ခနဲ မီးခလုတ်နှိပ်ကာ ပိတ်သံ များလည်း ကြားရ၏။ မခင်ချစ်ကား သူ၏အိပ်ခန်းသို့ ဝင်ရောက်သွားရာ တစ်ယောက်အိပ်ခုတင် မွေ့ရာ ခြင်ထောင်အပြည့်အစုံ တွေ့ရ၏။ ကျော်ဦး လည်း သူ့အခန်းတွင်းသို့ဝင်ကာ အဝတ်များချွတ်နေ၏။

မခင်ချစ်သည် ညနေကဝတ်သော ပိုးလုံကွင်း ဖက်ဖူးရောင်ကို ပိတ် လုံကွင်းနှင့် အထပ်လိုက်ချွတ်ကာ ခုတင်ခြေရင်းတွင် ဖြန့်ထားပြီးလျှင် အဝါ ပန်းခက်နှင့် လင်မနက်လုံကွင်း တစ်ထပ်တည်းဝတ်ကာ အိမ်ရှေ့ခန်းသို့

mgyoe.com

mgyoe.com

ထွက်လာ၏။ ကျယ်ဝန်းသော ဘုရားစင်တွင် ကတ္တီပါအစိမ်းအကာ၊ ပိတ်မျက်နှာကြက်၊ ဖယောင်းတိုင် ၅ တိုင်အား ဖန်သီးအစိမ်းနှင့် စာတ်မီးရောင်၊ တစ်ပေသာသာရှိ ရွှေပိန်းချတင်ပလ္လင်ခွေ ဆင်းတုတော်ကို ပန်းလတ်လတ်ဆတ်ဆတ် ဖန်အိုးများနှင့်တကွ ဖူးမြင်ရသဖြင့် ဝတ်ချကာ ၁၀ မိနစ်ခန့် ဘုရားရှိခိုးနေလေ၏။ ရှိခိုးပြီးနေရာမှ ထမည်အလုပ်...

"အချစ်ရေ... စောပါသေးတယ်။ လာပါဦး" ခေါ်လိုက်သဖြင့် ဝရန်တာသို့ လှည့်ကြည့်လိုက်ရာ စပို့ရှပ်အင်္ကျီနှင့် စီးကရက်ရှူကာ ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော ကျော်ဦး၏ ကိုယ်တစ်ခြမ်းကို မြင်ရလေ၏။ ကျောင်းသူသည် ဆရာမ၏စကားကို နားထောင်သကဲ့သို့ မခင်ချစ်သည် ကျော်ဦးခေါ်ရာသို့ သွားမိ၏။ ကျော်ဦးနှင့် နီးကပ်စွာခင်းထားသော အခြားပက်လက်ကုလားထိုင်တွင် ဝင်ရောက်ထိုင်မိ၏။

၎င်းတို့နှစ်ဦးသည် လမ်းဘက်သို့ ခပ်စောင်းစောင်းကလေး မျက်နှာပြုလျက် ထိုင်၍ နေကြ၏။ လမ်းဓာတ်မီးရောင်သည် အဝေးမှ ၎င်းတို့အား မြင်နိုင်သော်လည်း နီးကပ်စွာနေသူနှစ်ဦးအဖို့ တစ်ဦးနှင့်တစ်ဦး ကောင်းစွာမြင်နိုင်၏။ မခင်ချစ်သည် ကျော်ဦး၏ကြွက်သားစုနေသော လက်မောင်းအိုး၊ မို့မောက်သော ရင်ပြင်ကျယ်ကြီးများကိုကြည့်ကာ အကယ်၍ မိမိတို့သည် လွန်ခဲ့သော ၅ နှစ်ခန့်က လက်ထပ်ခဲ့သူဖြစ်က မည်မျှလောက်ပျော်ရွှင်မည်ကို ထပ်မံတွေးတောမိ၏။ 'မသန်းမြင့် မပါဘူးလား' ဟု ကျော်ဦး၏ အဒေါ်ကြီးမေးသည်ကို သတိရသောအခါ မျက်ရည်များစီးဆင်းလာရှာလေ၏။ ကျော်ဦးသည် သူ၏မျက်နှာကို မခင်ချစ်မျက်နှာအနီးသို့ တိုးသွားမှ မျက်ရည်ကြောင်းမြင်ရသဖြင့်...

"အို... ဘာလို့ငိုနေရတာလဲ အချစ်ရယ်"

"ဘာကြောင့်မှ မဟုတ်ပါဘူး ကိုကျော်... ကိုကျော်ကို ဝေ့လည်ကြောင်ပတ်ပြောလို့လည်း အလကားပေါ့။ အချစ်ရဲ့မေတ္တာဟာ ဆေးရုံကတည်းက စွဲလမ်းလာတာပဲ"

"အနို့... ကိုမင်းအောင်နဲ့ လက်ထပ်ဖို့ ဘာ့ကြောင့် သဘောတူရတာလဲ"

"ဒါတော့ မတင်မြ ထွက်ပြေးတော့ ခိုကိုးစရာလည်း မရှိ၊ ကိုကျော်

mgyoe.com

လည်း ယိုးဒယားက တစ်သက်လုံး ပြန်မလာဘူးဆိုတော့ သဘောတူမိတာပေါ့။ သူ့ကိုချစ်မှမချစ်ဘဲ၊ ကိုကျော်ပြန်လာမှန်းသိတော့ ထွက်ပြေးတာပေါ့။ ဒါပေမဲ့ ထွက်ပြေးတာလည်း မှားနေပြန်တာပေါ့"

"မမှားပါဘူး အချစ်ရယ်" ကျော်ဦးသည် မခင်ချစ်၏ လက်နှစ်ဖက်ကို သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းပြီးလျှင် သူ၏ကြီးမားသော လက်ဖဝါးကြီးများဖြင့် အသာအယာ ပွတ်သတ်နေလေ၏။ တစ်ဖန် လက်ကိုပြန်ချရင်း ...

"အချစ်နဲ့ ကိုကျော်မှ တကယ့်မေတ္တာစစ်၊ တကယ့်အချစ်ပဲ။ ဒါပေမဲ့ အချစ်က သန့်သန့်ရှင်းရှင်း ချစ်သလို ကိုကျော်က မရှင်းလင်းခဲ့ဘူး။ မယားရှိနေတဲ့အပြစ်ဟာ တစ်သက်စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး အချစ်ရဲ့..."

မခင်ချစ်ကား သူ၏စိတ်ကို အနိုင်နိုင်တင်းရှာ၏။ နောက်ထပ်မျက်ရည်မထွက်ရန်လည်း အထူးကြိုးစားလျက် တမင်အားယူ၍ ပြုံးလိုက်ရင်း...

"ကိုကျော်ရဲ့မယားက တော်တော်သင့်တယ် မဟုတ်လား"

"ရထားပေါ်မှာတုန်းက ပြောခဲ့တယ်မဟုတ်လား၊ သူ့အဖေကျေးဇူးကြောင့်လို့... ရုပ်လည်း အတော်ချောပါတယ်၊ ယိုးဒယားလူပျိုတွေ ဝိုင်းအပိုးခံရတဲ့ အစားထဲကပေါ့"

"အသက် ဘယ်လောက်ရှိပလဲ"

"အသက် ၂၀ ပဲ ရှိသေးတယ်"

"လက်ထပ်တာ ဘယ်လောက်ကြာပလဲ"

"ဒီပြန်မလာခင် ၂ နှစ်လောက်ကပဲ"

မခင်ချစ်ကား စကားဆက်မပြောတော့ဘဲ သူ၏လက်နှစ်ဖက်ကို လက်ကွင်းယှက်ကာ လိမ်ဆင့်တင်ထားသော သူ၏ဒူးပေါ်သို့ အုပ်ကိုင်ထားကာ ငြိမ်၍နေ၏။

"ကဲပါအချစ်ရယ်... ဒါတွေ ပြန်မေးမနေပါနဲ့၊ လူငယ်ချင်းလည်း ချစ်ကြတယ်ဆိုပေမဲ့ နှစ်နှစ်ကာကာ မဟုတ်လှပါဘူး။ နိုင်ငံခြားမှာ ကြီးလာတဲ့သူဆိုတော့ တကယ်ပေါင်းသင်းကြတဲ့အခါ စိတ်တိုင်းကျမဖြစ်တာက များပါတယ်။ တစ်နေ့မှာ အကြောင်းပေါ်လာမှာပါပဲ"

မခင်ချစ်ကား ကျော်ဦး၏စကားကို ကောင်းစွာ မကြားချေ။ သူ၏

mgyoe.com

mgyoe.com


အတွေးနယ်လွန်နေ၏။ ငါ့ပါးနမ်းသလို သူ့မယားကို အကြိမ်ပေါင်းများစွာ နမ်းခဲ့ပြီ။ ဒီတွင်မျှမက ခြင်ထောင်ထဲ... စသော မိန်းမသဘာဝ မနာလိုစိတ်ကလေးများလည်း ပေါ်လာ၏။ ထိုသို့ မနာလိုစိတ်ပေါ်ပြီးနောက် မိမိကိုယ်ကို မိမိဝမ်းနည်း၏။ သူများပညာတတ်၍ မိမိထက်သာသည်ကို မနာလိုစိတ်မရှိ၊ သူများက ဘာပဲသာသာ မိမိဘာသာနေလေ့ရှိသဖြင့် 'မအေး' 'မလွမ်း' စသည်ဖြင့် ကျောင်းသူချင်း လှောင်ပြောင်ခေါ်ဝေါ်ခြင်း ခံခဲ့ရ၏။ ယခု အချစ်ကိစ္စတွင်ကား မိမိပယောဂကြောင့် တစ်ဖက်က အချစ်ဦးထားသူကို သေစေလို စိတ်မရှိသော်လည်း သူ့ဘာသာ သေသွားက ဝမ်းသာတော့မည်ကဲ့သို့ ဖြစ်နေ၏။ မိမိ၏စိတ်ဓာတ်သည် ဤမျှပင်ယုတ်ညံ့ပါကလားဟု ကိုယ်တွေ့နှင့် ရင်ဆိုင်တိုးသောအခါ သိရသဖြင့် ပိုမိုဝမ်းနည်းခြင်း ဖြစ်ရှာလေ၏။ ထိုကဲ့သို့ မစ္ဆရိယစိတ်ကိုလည်း ချက်ချင်းဖျောက်ဖျက်လိုက်လေ၏။ ထိုအတွင်းတန်းဆန့်ချထားသော မခင်ချစ်၏လက်နှစ်ဖက်ကို ကျော်ဦးသည် အသာဆုပ်ကိုင်ထားရင်း...

"အခုလိုနေရတာ မပျော်ဘူးလား အချစ်ရယ်"

"မပျော်ဘူး... မပျော်ဘူး" မခင်ချစ်သည် လက်နှစ်ဖက်ကို ရုပ်သိမ်းကာ သူ၏မျက်နှာကို အုပ်ထားလိုက်လေ၏။ ပေါ်နေသောနှုတ်ခမ်းဖြင့်...

"ကိုကျော်နဲ့ကျွန်မ ဒီဘဝ ဒီမျှပဲ ရေစက်ပါကြတော့တယ် မဟုတ်လား... ဒီအတိုင်း အချစ်လက်ခံရင် လင်ခိုးမရယ်လို့ သူများတံတွေးခွက်ပက်လက်မျောတော့မယ်။ ကွာရှင်းပါ ပြောရင်လည်း သူများလင် လုရာကျမှာပဲ"

အလွန်ယဉ်ကျေးစွာ ပြောလေ့ရှိသော မခင်ချစ်သည် အချစ်၏ဒဏ်ကြောင့် နှလုံးသွေးမမှန်ဘဲ ခပ်ကြမ်းကြမ်း ခပ်ဘွင်းဘွင်း ပြောမိရှာလေ၏။

"ဒါတွေက အချစ်ရဲ့အလုပ် မဟုတ်ပါဘူး... ကိုကျော်ရဲ့အလုပ်ပါ။ တကယ့်အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူနဲ့ နေရဖို့ အရေးကြီးတယ် မဟုတ်လား"

"ဒီလိုပြောကြတာပဲ... အဲဒါကိစ္စမရှိဘူး။ အချစ်ဒီမှာတာရှည်နေလို့ ဖြစ်ပါ့မလား၊ ဘာမှသွေးသား မတော်စပ်နဲ့။ မတင်မြ... မိုက်လိုက်တဲ့ညီမ။ ညီအစ်မနှစ်ယောက်ဆိုရင် တတ်တဲ့ပညာကလေးတွေနဲ့ အေးအေးလုပ်ကိုင်စားသောက်မနေရပါလား"

mgyoe.com